ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့၊ (26-9-2005) (၄၇၃၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၂၉ တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ မဟာသိပ္ပံစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သီရိဓမ္မနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းစာသင်တိုက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၂၉တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ မဟာသိပ္ပံစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သီရိဓမ္မအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ညောင်ကုန်း ရေလှောင်တမံ

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ ညောင်ကုန်း ရေလှောင်တမံကို တွေ့ရစဉ်။ (လယ်/ဆည်)

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ညောင်ကုန်းရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကျင်းပ မိတ္ထီလာကန်ကို ရေကူနိုင်ပြီး မန္တလေးတိုင်း မိုးစပါးတိုးချဲ့စိုက်ပျိုးရေး အထောက်အကူပြု

ရန်ကုန် စက်တင်ဘာ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ ညောင်ကုန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သက်ဆိုင်ရာဌာနများမှ ဌာနအကြီးအကဲများ၊ မန္တလေးတိုင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆–၉–၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ စာတတ်မြောက်မှုနှုန်း တိုးတက်မြင့်မား စာဖတ်ရှုမြှင့်တင်ရေး အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်

မျက်မှောက်ကာလသည် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ အသီးသီး၌ ပညာရေးက လွှမ်းမိုးပိုင်းဖြတ်နေသော အချိန်အခါဖြစ်သည်။ ထို့ကြောင့်ပင် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆယ်စုနှစ်ကာလကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်အဖြစ်သတ်မှတ်ခဲ့သည်။ အဆိုပါ သတ်မှတ်ချက်နှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် ပညာရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံအလိုက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက် ရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့်လူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက် မှုများ ရေရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး အမျိုးသားရေးဦးတည်ချက်ကို ခိုင်ခိုင်မာမာချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများသည် များစွာပြောင်းလဲနေပြီဖြစ်သည်။ ပညာသင်ယူမှုသည် စာသင်ခန်းအတွင်း၌သာ ကန့်သတ်မနေတော့ဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပါ တစ်သားတည်း ဆက်စပ်ဖြစ်ထွန်းနေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနှင့် လူတိုင်းစာတတ်မြောက်ရေးကို ဦးတည်ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက် အဘက်ဘက်က စီမံဖန်တီးပေးလျက်ရှိသည်။ အထူးသဖြင့် ပညာအရည်အသွေး မြင့်မားရေး၊ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ လေ့လာသင်ယူနိုင်ရေး၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် လျော်ညီစွာ ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်စေရေးတို့အတွက် ပညာရေးမြှင့်တင်မှု အစီအစဉ်များနှင့် ပညာရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်က အကောင်အထည်ဖော် ဖြည့်ဆည်းပေးလျက်ရှိနေပေသည်။

ယခုအခါ လူတိုင်းစာတတ်မြောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာပြီးဆုံးရေးနှင့် သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်များကို စနစ်တကျရေးဆွဲဖော်ဆောင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှု ရလဒ်ကောင်းများစွာ ရရှိနေပြီဖြစ်သည်။

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးအတွက် အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့ရာ အသက်ငါးနှစ်ပြည့်ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉–၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်းတွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် မှန်မှန်တိုးတက်မြင့်မား လာလျက်ရှိသည်။ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၉၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၉၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

ယင်းကဲ့သို့အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ပြီးဆုံးသည်နှင့် စဉ်ဆက်ပညာရေး အစီအစဉ်များဖြင့် ဆက်လက်သင်ကြားနိုင်ရေးအတွက် ရပ်ရွာပညာပဒေသာဌာနများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ ရပ်ရွာပညာပဒေသာ ဌာနများသည် စာဖတ်ရှုမြှင့်တင်ရေး၊ မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူ ပြုလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်း စာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက မြှင့်တင်ပေးမှုများနှင့်အညီ မြန်မာနိုင်ငံ စာတတ်မြောက်မှုနှုန်း တိုးတက်မြင့်မားလာလျက်ရှိရာ စာတတ်မြောက်မှုနှုန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးတွင် အရေးပါသည့် စာဖတ်ရှုမြှင့်တင်ရေး အစီအစဉ်များ၌လည်း တစ်မျိုးသားလုံးက အမျိုးသားရေးအမြင်ဖြင့် ညီညာဖြိုးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးတင်စိုးလိုက်ပါလျက် ယနေ့နံနက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ရောက်ရှိရာ ကော်မတီဝင်ဦးကျော်စိုး၊ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူးဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူးဦးသောင်းရင်၊ ဗဟိုပစ္စည်းထိန်းဌာန ဌာနမှူးဦးဇော်ဌေး၊ စစ်ဆေးရေးဌာန ခေတ္တဌာနမှူးဦးအောင်စိုးသန်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူးဦးကံမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည်စီမံကိန်းဝင်းအတွင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ရေးဦးစွာ ရေခေါ်တူးမြောင်းမှ အကြို အနယ်ထိုင်ကန်အတွင်း ငမိုးရိပ် ရေလှောင်တမံမှ ရောက်ရှိနေသော ရေများကို ရေတင်စက်ဖြင့် အနည်ထိုင်ကန်သို့ ရေပို့လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ လက်ထောက်ဌာနမှူး ဦးဝင်းအောင်က ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

(အပေါ်ပုံ)

မှာကြား

ဆက်လက်၍ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အဖွဲ့သည် ရေစစ်ကန်၊ ရေစုကန်၊ ရေတွန်းစက်ရုံ၊ ဓာတ်အားခွဲရုံများကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား ယခုဆောင်ရွက်နေသော ပထမအဆင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကို ၂၀၀၅ခုနှစ်အတွင်းပြီးစီးရန်နှင့် ရေစတင်ပေးဝေရန် လုပ်ငန်းများကိုမှာကြားသည်။

(၁၉)

မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)ကို မှော်ဘီမြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားစဉ်။ (စွမ်းအင်)

ဆရာဝန်အသင်း ဆေးပညာ စာပေးစာယူ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေးယူနစ် (CME) က ကြီးမှူးဖွင့်လှစ်သော အနယ်နယ်အရပ်ရပ်မှအထွေထွေရောဂါကု ဆရာဝန်များအတွက် “Public Health, Research and Family Medicine (Year 2005)” စာပေးစာယူ သင်တန်းကို စက်တင်ဘာ ၂၂ရက်မှ နိုဝင်ဘာ ၂၂ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်၍ စိတ်ပါဝင်စားသော ဆရာဝန်များသည် ရုံးချိန်အတွင်း အမှတ် ၂၄၉သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း–၃၇၈၈၆၃၊ ၃၈၀၈၉၉ထံ စုံစမ်းစာရင်းသွင်း၍ သင်တန်းတက်ရောက်နိုင်သည်။

(သတင်းစဉ်)

မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)ကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီမြို့နယ် အသင်းရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်ပြီး အဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်အသင်းအတွင်းရေးမှူးက အသင်းဝင်အဆိုပြုလွှာ ၆၃၅စောင်ကိုပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် စေတနာရှင်များက အသင်း၏ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ပညာရေးထူးချွန်သော အသင်းဝင်များ၏ သားသမီးများနှင့် လူမှုရေးထူးချွန်ဆုရရှိကြသော အသင်းဝင်များအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် အစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပသည်။ အစည်းအဝေးသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများနှင့် ကျေးရွာအုပ်စု ၄၃စုမှ အမှုဆောင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

❁ **ရှေ့ဖုံးမှ**

ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မနန္ဒတို့ အမှူးပြုသော ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များ၊ သီလရှင်စာသင်တိုက်ကြီးများမှ သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ မဟာသိပ္ပံစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သီရိဓမ္မထံမှ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းစာသင်တိုက် ပဓာန နာယကဆရာတော်အားလည်းကောင်း၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်သံဃာတော်များအားလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၂၉ တိုက်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့က ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသော ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းတို့က ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က လှူဒါန်းသော ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က အဖွဲ့က လှူဒါန်းသော ဆွမ်းဆန်တော်များကို လည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘုရင့်နောင်ပွဲရုံ အိုကေဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း-ဒေါ်အုန်းကျင် မိသားစု၊ ဦးကျော်သိန်း မိသားစု၊ စန္ဒီပရဆေးလုပ်ငန်း(ဦးသိန်းမောင်)-ဒေါ်ပါးပါး မိသားစုနှင့် မိဘရိပ်ကုမ္ပဏီမှ ဦးနိုင်ထွန်း မိသားစုတို့က ဆွမ်းဆန်တော် ၁၀အိတ်စီ၊ သဃ်န်းကျွန်းမြို့နယ်အတွင်းမှ ဆွမ်းလောင်းအသင်းများက ဆွမ်းဆန်တော်ခြောက်အိတ်နှင့် ဆီငါးပိဿာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ဆီနှင့် ဆပ်ပြာများ၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များက အိုင်အိုဒင်းဆားနှင့် သွားတိုက်ဆားများ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနမိသားစုက တိုင်းရင်းဆေးမျိုးစုံ ၇၇၅ဘူး၊ ထက်လင်းဆေးတိုက် ဦးခင်မောင်ထွန်း မိသားစုက ထက်လင်းဆေးဘူး ၃၁၇၀၊ ထွန်းရွှေဝါ ဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေ- ဒေါ်သင်းသင်းဆွေတို့က ထွန်းရွှေဝါလိမ်းဆေးဘူး ၇၂၀၊ သဃ်န်းကျွန်းမြို့နယ် ဆီကုန်သည်များအသင်းက ဆီပိဿာ ၃၀၊ ဒဂုံခရီးသွားလုပ်ငန်းမှ (သီဟသုဓမ္မမဏိဇောတဓရ ဒဂုံဦးတင်ဝင်း-ဒေါ်စီစီဝေ) တို့အားရည်စူး၍ သားသမီးများက ဆွမ်းဆန်တော်သုံးအိတ်၊ ခေါက်ဆွဲခြောက် အထုပ် ၆၀၊ ဒူးရင်းယိုအထုပ် ၂၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ကျိုက်ထီးရိုးဘုရားပုံတော် ၅၀၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ငါးခြောက် ၁၆၄၇ ပိဿာ၊ ဘုတ်ဆုံမ ဧရတ်သီးမှုန့်လုပ်ငန်းမှ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦးတို့က ဧရတ်သီးမှုန့်အထုပ် ၁၈၀၀၊ စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ ငံပြာရည်လုပ်ငန်းမှ ဦးအောင်ရွှေ မိသားစုက ငံပြာရည် ၁၅ဘူးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူငွေများကို လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၏ လှူဒါန်းငွေကျပ် ၃၇၀၀၀၀ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီး သူရသက်ဆွေနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့ကလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၁၈၅၀၀၀ကို တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေကလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ လှူဒါန်းငွေကျပ် ၂၀၀၀၀၀ ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းတို့ကလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ထွန်းဘဏ္ဍာကဖီး မိသားစုက ငွေကျပ် ၅၀၀၀၀၀၀၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမှ ဦးအောင်သိန်း-ဒေါ်ခင်နု မိသားစုက ငွေကျပ် ၁၅၀၀၀၀၀နှင့် သုဝဏ္ဏ(၂၄)ရပ်ကွက်မှ ဦးစိုးတင်-ဒေါ်စိုးနှင်းအေး မိသားစုက ငွေကျပ် ၁၀၀၀၀၀၀ တို့ကိုလည်းကောင်း လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ရွှေအင်ကြင်းအိမ်ရာမှ ဦးကျော်ကျော်နိုင်-ဒေါ်ဆွေမာလာ မိသားစုနှင့် သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက်မှ ဦးအေးဝင်း-ဒေါ်စန်းထွေး မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀၀ စီ၊ သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ၊ သီရိသုဓမ္မသီဂီ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂရိတ် ရွှေတောင်ဆောက်လုပ်ရေးမှ ဦးအိုက်ထွန်းတို့က ငွေကျပ် ၅၀၀၀၀၀ စီ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများထံ Eagle Garden စားသောက်ဆိုင်က ငွေကျပ် ၅၀၀၀၀၀၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းက ငွေကျပ် ၃၇၀၀၀၀၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီ ဦးတင်ဝင်း-ဒေါ်စန်းဝင်း မိသားစု၊ သမ္မတသက်န်းတိုက် ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ မိသားစုနှင့် ဓနအောင်ကုမ္ပဏီ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်းမိသားစုတို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ စန္ဒီပရဆေးမှ (ဦးသိန်းမောင်)-ဒေါ်ပါးပါး မိသားစုကငွေကျပ် ၂၂၅၀၅၀၊ သဃ်န်းကျွန်းမြို့နယ် ဌာနဆိုင်ရာများက ငွေကျပ် ၂၀၄၀၀၀၊ ဘီတီဘီကုမ္ပဏီ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် မိသားစု၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ ဦးတင်အောင်-ဒေါ်လှလှနွယ် မိသားစု၊ ဘုတ်ဆုံမ ဧရတ်သီးမှုန့်လုပ်ငန်း (မဥ္ဇူထွန်းမြင့်ကုမ္ပဏီ)မှ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦးနှင့် သဃ်န်းကျွန်းမြို့နယ် ဆီကုန်သည်များအသင်းတို့က ငွေကျပ် ၂၀၀၀၀၀စီ၊ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များက ငွေကျပ် ၁၉၈၀၀၀၊ မြန်မာနိုင်ငံဆီ ကုန်သည်များအသင်းက ငွေကျပ် ၁၈၅၀၀၀၊ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်) မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ မြောက်ဥက္ကလာပမြို့နယ်မှ ဦးသန်းမောင်-ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး) မိသားစုက ငွေကျပ် ၁၀၈၀၀၀၊ ထွန်းရွှေဝါ တိုင်းရင်းဆေးမှ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ မိသားစု၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်းမိသားစု၊ မြင့်မြတ်စပါးစိုက်ပျိုးရေးလုပ်ငန်းမှ ဦးအောင်မွန်-ဒေါ်လှလှမော်မိသားစု၊ ရွှေဝင်းကုမ္ပဏီမှ ဦးနိုင်ဝင်း-ဒေါ်ခင်မိုးဆွေ မိသားစု၊ သီရိသုဓမ္မမဏိဇောတဓရ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်သိန်း(ရန်ကင်း)နှင့် ဗိုလ်တထောင်မြို့နယ်မှ ဦးစိုးဟန်လင်း၊ ရန်ကင်းမြို့နယ်မှ ဒေါ်ခင်နန်းမွန်၊ ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးခင်ဇော်၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးစံသိန်းနှင့် နငယ် ဆောက်လုပ်ရေးမှ ဒေါ်နုနုငယ်တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှကငွေကျပ် ၆၅၀၀၀၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်မှ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်တို့က ငွေကျပ် ၁၅၀၀၀၀၊ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များက ငွေကျပ် ၁၀၂၅၀၀၊ အောင်သုခဆောက်လုပ်ရေး၊ Tosta Group ဆောက်လုပ်ရေး၊ မလိခအိမ်ရာမှ ဒေါ်သူဇာသန်းမိသားစု၊ ဝေဇယန္တာ၊ မင်းရဲကျော်စွာနှင့် သာခုအိမ်ရာမိသားစုများက ငွေကျပ် ၁၀၀၀၀၀စီ၊ မြို့နယ်အတွင်းရှိ ဆွမ်းလောင်းအသင်းများက ငွေကျပ် ၈၀၀၀၀ အပါအဝင် အလှူရှင် ၆၆ဦးတို့က ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၈၆၈၇၅၅၀ကို ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၂၉တိုက်နှင့် သီလရှင် စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် စေတနာရှင်ပြည်သူများထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

လျှောက်ထားတင်ပြ

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး အေးသော်က လျှောက်ထားတင်ပြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းစာသင်တိုက် ပဓာန နာယက ဆရာတော်က အနုမောဒနာတရား ဟောကြားတော်မူပြီး အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဝတ်အသင်းက အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၂၉တိုက်နှင့် သီလရှင်စာသင်တိုက်ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၇၂၈အိတ်၊ ဆီ ၃၄၄ပိဿာ၊ ပဲ ၅၅၆ပိဿာ၊ အိုင်အိုဒင်းဆား ၃၀၉၄ပိဿာ၊ သွားတိုက်ဆား ၆၁၉ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၄၆၆၅ဘူး၊ ရွှေဝါဆပ်ပြာ ၃၀၉၄တောင့်၊ မွှေးဆပ်ပြာ ၃၀၉၄ခဲ၊ ငါးခြောက် ၁၆၄၇ပိဿာ၊ ငံပြာရည် ၁၅ဘူး၊ ခေါက်ဆွဲခြောက် အထုပ် ၆၀၊ ဒူးရင်းယိုအထုပ် ၂၀၊ ကျိုက်ထီးရိုးဘုရားပုံတော် ၅၀နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၈၆၈၇၅၅၀ ဖြစ်သည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၇) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၇)တွင် မြန်မာနိုင်ငံရောက် ကိုရီးယားမင်းသား ကင်မ်ဂျေးဝန်(ချွဲခွာနူး)နှင့် အဆိုတော်အဖွဲ့၊ အကအဖွဲ့တို့ ဖျော်ဖြေမှုအစီအစဉ် သတင်းဓာတ်ပုံဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ပြည်ပတက္ကသိုလ်တစ်ခုက မြန်မာကျောင်းသားငါးဆယ်ကို ပထမဆုံးအနေဖြင့် ပညာသင်ထောက်ပံ့ကြေးပေးရန်ရှိ၊ မြန်မာနိုင်ငံမှ သင်တန်းသားလုပ်သားများ ဂျပန်တွင် အလုပ်လုပ်ဖို့ပြင်၊ MOSA က သင်္ဘောသားများကိုယ်စား ပုံစံ(၁၉)ဆောင်ရွက်ခွင့်ရရှိပြီ၊ Raders' Debate ကဏ္ဍမှ ကမ္ဘာလုံး နှီးနွှယ်ဆက်စပ်မှုဖြစ်စဉ်၊ (Globalization)ဖြစ်ပေါ်လာတာ မကောင်းဘူး/ကောင်းတယ်၊ MRTV-4တွင် အပတ်စဉ်ထုတ်လွှင့်လျက်ရှိသော 5-Movies မှ နိုင်ငံခြားဇာတ်လမ်းတွဲအစီအစဉ်များ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

သီရိလင်္ကာနွယ်ဖွား ရုပ်သံအကြာဆုံးကြည့် စံချိန်သစ်တင်၊ အဏုမြူအစီအစဉ်ကို စွန့်လွှတ်ရန် သဘောတူပြီ၊ ကမ္ဘာ့ပထမဆုံးအကြိမ် မျက်နှာအစားထိုး ခွဲစိတ်ကုသမှုပြုလုပ်၊ မပြုံးမရယ် မျက်နှာပုံကိုသာ အီး-ပတ်စ်ပို့တွင် သုံးရမည်ဟု ဂျာမနီကအမိန့်ထုတ် စသည့် နိုင်ငံတကာမျက်မှောက် သတင်းဦး သတင်းထူးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၄၈၈၈၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

အီရတ်တွင် အမေရိကန်တို့ အောင်ပွဲခံနိုင်ဖွယ်မရှိ ကန်နိုင်ငံသားအများစုက ယုံကြည်ယူဆ

ဝါရှင်တန် စက်တင်ဘာ ၂၄

အမေရိကန်နိုင်ငံသား ထက်ဝက်ထက် ပိုမိုလျော့နည်းသော ပြည်သူများက အီရတ်တွင် အမေရိကန်တို့၏စစ်ပွဲ အောင်ပွဲခံမည်ဟု ယုံကြည်ယူဆကြောင်း၊ နိုင်ငံသား ၅၅ ရာခိုင်နှုန်းမှာ အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ရန် လိုလားကြကြောင်း စီအင်န်အင်န်သတင်းဌာန၊ ယူအက်စ်အေတူဒေးသတင်းဌာနနှင့် ဂေါလပ်အဖွဲ့တို့က ပူးတွဲပြုလုပ်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် အီရတ်စစ်ပွဲတွင် အောင်ပွဲခံမည်ဟု သေချာပေါက်တွက်ဆထားသူဦးရေမှာ နိုင်ငံလူဦးရေ၏ ၂၁ ရာခိုင်နှုန်းသာလျှင်ရှိကြောင်း၊ နိုင်ငံ လူဦးရေ၏ ၂၂ ရာခိုင်နှုန်းမှာမူ အမေရိကန် အောင်ပွဲခံနိုင်ဖွယ်ရှိသည်ဟုယူဆကြသူများဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

ယူဆ

အီရတ်နိုင်ငံတွင် အမေရိကန်တို့ စစ်ရေးအရအောင်ပွဲခံရန် စွမ်းဆောင်နိုင်သည်ဟု ယူဆသူ နိုင်ငံသားဦးရေမှာ ၂၀ ရာခိုင်နှုန်းသာလျှင်ရှိကြောင်း၊ ၃၄ ရာခိုင်နှုန်းမှာမူ အီရတ်တွင် အမေရိကန်တို့ အောင်ပွဲခံနိုင်ဖွယ်မရှိဟု ယူဆထားသူများဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါစစ်တမ်းကို အရွယ်ရောက်ပြီးသူ ၈၁၈ ဦးကိုအခြေခံ၍ ကောက်ယူခဲ့ခြင်းဖြစ်သည်။

မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းတစ်ရပ်တွင်မူ အီရတ်နိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ သမ္မတဘုရှ်၏ ကိုင်တွယ်ဆောင်ရွက်မှုကို ထောက်ခံသူဦးရေမှာ ၃၂ ရာခိုင်နှုန်းသာရှိကြောင်း၊ ၆၃ ရာခိုင်နှုန်းမှာမူ အီရတ်မှတပ်ဖွဲ့ အပြည့်အဝရုပ်သိမ်းရန် သို့မဟုတ် တစ်စိတ်တစ်ဒေသ ရုပ်သိမ်းရန် ထောက်ခံကြကြောင်း၊ ၅၄ ရာခိုင်နှုန်းမှာမူ အီရတ်စစ်ပွဲ အသုံးစရိတ်ငွေကို လျှော့ချကာ ကက်ထရီနာဟာရီကိန်း မုန်တိုင်းဘေးဒဏ် ခံရသူများအား ထောက်ပံ့ကူညီမှု တိုးမြှင့်ပြုလုပ်သင့်သည်ဟု ယူဆကြကြောင်း သိရသည်။

အင်တာနက်။



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တပ်ဖွဲ့ဝင် တစ်ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်၏ နျူကလီးယားအငြင်းပွားမှုကိစ္စ လုံခြုံရေးကောင်စီသို့တင်ပြရေး အီးယူလက်လျှော့

ဗီယင်နာ စက်တင်ဘာ ၂၄

ယခုသီတင်းပတ်တွင် အီရန်နိုင်ငံ၏ အငြင်းပွားနေသော နျူကလီးယားကိစ္စကို ကုလသမဂ္ဂသို့ တင်ပြဆွေးနွေးရန် အစီအစဉ်ရှိခဲ့သော်လည်း ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ကြသောကြောင့် လုံခြုံရေးကောင်စီသို့ တင်ပြမည့်ကိစ္စကို ဥရောပ ကြီးသုံးကြီးက စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း သံတမန် အသိုင်းအဝိုင်းမှ လာသောသတင်းများက ဆိုသည်။

ဥရောပသမဂ္ဂ ကြီးသုံးကြီးဖြစ်သော ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့သည် အီရန် အဏုမြူဆိုင်ရာကိစ္စများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်မည့် အစီအစဉ်ကို နောက်ဆုတ်ပေးလိုက်ပြီဖြစ်ကြောင်း ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)၏ ယခုသီတင်းပတ်အစည်းအဝေးပွဲ၌ အုပ်ချုပ်ရေးမှူးများအနေဖြင့် အဆင်ပြေပြေနှင့် အားလုံးလက်ခံနိုင်သော ဆုံးဖြတ်ချက်မျိုးချမှတ်နိုင်စေရန် အထက်ပါကိစ္စကို နောက်ဆုတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လုံခြုံရေးကောင်စီသို့ အီရန်အဏုမြူ အငြင်းပွားမှုကိစ္စ တင်ပြရေးအစီအစဉ် နောက်ဆုတ်ပေးလိုက်ပြီ ဆိုသော သတင်းကို အီရန်နိုင်ငံ၏ နိုင်ငံပိုင်သတင်းဌာန အိုင်အာရ်အင်န်အေက ဂျာမနီနိုင်ငံ၏ အိုင်အေအီးအေ ကိုယ်စားလှယ် ဟားဘတ်ဟော့ဒ်ဝဲဖ်ကို ကိုးကား၍ အတည်ပြုဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လန်ဒန်ဗုံးခွဲမှုတွင် ပါဝင်သူကို ဗြိတိန်သို့ ပို့မည်

ရောမ စက်တင်ဘာ ၂၄

ဇူလိုင် ၂၁ ရက်တွင် လန်ဒန်မြို့၏ လူသွားလာမှုများသောနေရာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုဖောက်ခွဲမှုတွင် ပါဝင်သူတစ်ဦးကို ရောမမြို့ ရီဘစ်ဘီရာအကျဉ်းထောင်တွင် ဖမ်းဆီးထားရာမှ ၎င်းကို ဗြိတိန်နိုင်ငံသို့ ကြာသပတေးနေ့ နံနက်တွင် လွှဲပြောင်းပေးမည်ဖြစ်သည်ဟု တရားရုံးအပြင်သို့ ထုတ်လာစဉ် ရိုက်တာ သတင်းဌာန၏ ဓာတ်ပုံရိုက်သူတစ်ဦး၏ သတင်းပေးချက်အရ သိရှိရသည်။

အီသီယိုးပီးယားနိုင်ငံသား ဟမ်ဒီ အစ္စက်ကို ရောမမြို့လေဆိပ်မှ ဗြိတိန်နိုင်ငံသို့ အဆိုပါနေ့ နံနက်ပိုင်းတွင် လေကြောင်းဖြင့် ပို့ဆောင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ကာဘာလာမြို့အဝင်တွင် လှည်းတစ်စီးအား စစ်ဆေးနေသော အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



မုန်တိုင်းဒဏ်တိမ်းရှောင်သူများ လိုက်ပါလာသည့်ကား မီးလောင်၍ သက်ကြီးရွယ်အို ၂၄ဦး သေဆုံး

ဟူစတန် စက်တင်ဘာ ၂၄

သက်ကြီးရွယ်အိုများ လိုက်ပါလာသော ကားတစ်စီးသည် အမေရိကန်နိုင်ငံ ဒါးလက်စ်မြို့ပြင် အဝေးပြေးလမ်းမပေါ်တွင် စက်တင်ဘာ ၂၃ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ရီတာဟာရီကိန်းမုန်တိုင်းဒဏ်ကို ရှောင်ခွာလာကြသူများအတွက် ထွက်ခွာရာလမ်းမကြီးမှာ ပိတ်ဆို့သွားရကြောင်း ဒဗလျူအက်ဖ်အေအေ ရုပ်သံဌာနက ကြေညာသည်။

ထိုဘတ်စ်ကားမှ မီးခိုးမည်းကြီးများ ထွက်ပေါ်လာသည်ကို တွေ့ရပြီးနောက် ယာဉ်ကို မီးလုံးကြီးက ဝါးမျိုသွားသည်ကို မြင်လိုက်ရသည်ဟု အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသူ အက်ရှ်လေဒေါ်နယ်က ဟူစတန်ရုပ်သံဌာန ကေတီအာကေသို့ ပြောကြားသည်။

မီးလောင်သွားသော ကားပေါ်တွင် ဟူစတန်မြို့ အနောက်တောင်ဘက် ဘီလာရီအရပ်မှ သက်ကြီးရွယ်အို ၄၅ဦး လိုက်ပါလာကြောင်း ဒါးလက်စ်မြို့ ရဲတပ်ဖွဲ့ကို ကိုးကား၍ ဒါးလက်စ်ရုပ်သံက ထုတ်လွှင့်သွားသည်။ ထိုကားပေါ်၌ ပါလာသော သက်ကြီးရွယ်အို အချို့သည် ကားပေါ်၌ အောက်စီဂျင်ဘူးများ အသုံးပြုလာကြရသူများဖြစ်သည်ဟုဆိုသည်။ သို့ရာတွင် ယခုမီးလောင်မှုသည် ထိုအောက်စီဂျင်ဘူးများကြောင့် ဖြစ်ပေါ်ရခြင်း ဟုတ်၊ မဟုတ်ကို သေချာစွာ မသိရကြောင်း ပြောကြားသည်။

ကားပေါ်တွင် ပါလာသူများအနက် ၂၄ဦးထက်မနည်း သေဆုံးကြရကြောင်း ရဲတပ်ဖွဲ့ သတင်းများကဆိုသည်။ ထိုသက်ကြီးရွယ်အိုများသည် ဒေသခံ သက်ကြီး စောင့်ရှောက်ရေးဌာနမှ အသက်ကြီးသူများ ဟုတ်၊ မဟုတ် ဘီလာရီရဲတပ်ဖွဲ့က ဖော်ပြခြင်းမရှိခဲ့ကြောင်း သိရသည်။ ယာဉ်မောင်းမှာမူ အသက်မသေဘဲ လွတ်မြောက်သွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်တောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား ပြည်ထဲရေးဌာနမှ အရာရှိတစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

အီရတ် ပြည်ထဲရေးဝန်ကြီးဌာနမှ အထက်တန်းအရာရှိတစ်ဦးကို ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ သေနတ်သမားတစ်စုက စက်တင်ဘာ ၂၃ ရက်တွင် ပစ်ခတ်သတ်ဖြတ်သွားကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာမှရရှိသော သတင်းက ဖော်ပြသည်။

လုပ်ကြံခံခဲ့ရ

အခင်းဖြစ်ပွားမှုအတွင်း သေဆုံးသွားသူမှာ အီရတ်ပြည်ထဲရေးဌာန၏ ဥပဒေရေးရာ အကြံပေးဌာန၏အကြီးအကဲ ဗိုလ်ကြီးရာလာဒ်ခါလက်ဖ်ဟာနွန်ဆိုသူဖြစ်သည်။ ၎င်း၏ကားကို ဒိုရာခရိုင် အဝေးပြေးလမ်းမပေါ်တွင် ညီအစ်ကိုနှစ်ဦးနှင့်အတူ မောင်းနှင်နေစဉ် လုပ်ကြံခံခဲ့ရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့သတင်းပေးခဲ့သည်။

သေဆုံး

ထိုကားပေါ်တွင်ပါလာသူ ပြည်ထဲရေးဌာနအရာရှိနှင့်၎င်း၏ညီတစ်ဦးမှာ အသက်ဆုံးရှုံးခဲ့ရပြီး အခြားတစ်ဦးမှာ ဒဏ်ရာရရှိသွားသည်။

မင်စွာခရိုင်၌ ဖြစ်ပွားသော အခြားတိုက်ခိုက်မှုတစ်ခုတွင်လည်း ပြည်ထဲရေးဝန်ကြီးဌာနမှ အခြားဝန်ထမ်းတစ်ဦး သေနတ်ထိမှန် သေဆုံးသွားရသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက် အန္တရာယ်များလှသောနေရာတွင် မော်တော်ယာဉ်မောင်းနှင်နေစဉ် ပြည်ထဲရေးဌာန၏ လုံခြုံရေးဝန်ထမ်းအာရှာရပ်ဖ်ဂျာလာလ်ရာမန်သည် သေနတ်သမားတစ်စု၏ ပစ်ခတ်မှုခံရ၍ သေဆုံးသွားရခြင်းဖြစ်သည်။ ထိုဒေသတွင် သံတမန်များနှင့် အီရတ်အစိုးရဝန်ထမ်းအများအပြားတို့မှာ မကြာခဏပြန်ပေးဆွဲခံရခြင်း သို့မဟုတ် ပစ်သတ်ခံရသည့်အဖြစ်များနှင့် ကြုံတွေ့နေကြရသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်တပ်ဖွဲ့ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ကို လမ်းဘေးဗုံးဖောက်ခွဲကာ တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း စက်တင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားသည်။

ဗုံးပေါက်ကွဲ

ထိုဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၇၀ အကွာရှိ ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့သွားရာ လမ်းမပေါ်တွင် စက်တင်ဘာ ၂၁ ရက် ည ၉နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ချန်လှပ်

သေဆုံးသူ ကန်တပ်ဖွဲ့ဝင်၏ အဖြစ်အပျက်ကို မိသားစုထံ အကြောင်းကြားနေဆဲဖြစ်၍ စစ်ဘက်ထုတ်ပြန်ချက်တွင် အမည်ဖော်ပြထားခြင်းမရှိဘဲ ချန်လှပ်ထားသည်။

ဆွန်နီများ အများအပြားနေထိုင်ရာ အနောက်အင်ဘာဒေသတွင် ကန်တပ်ဖွဲ့ဝင်များနှင့် အပေါင်းပါတပ်ဖွဲ့များကို ခုခံရေးပြောက်ကျားများ၏ တိုက်ခိုက်မှုများမှာ စဲမသွားဘဲ ယခုတိုင်အောင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ထိုကဲ့သို့သော တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၉၀၂ ဦး ရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုရီးယားသမ္မတနိုင်ငံမှ Baby VOX ဂီတအဖွဲ့နှင့် မြန်မာနိုင်ငံမှ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များအဖွဲ့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကိုရီးယား-မြန်မာ အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၃၀)မြောက်နှင့် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေးထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်းစီမံချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံမှ Baby VOXဂီတအဖွဲ့နှင့် မြန်မာနိုင်ငံမှ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များအဖွဲ့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်ပွဲကို ယမန်နေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Lee Ju Heum နှင့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းရုံးတို့မှ တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များ၊ အနုပညာဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ကိုရီးယား သမ္မတနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၃၀) မြောက်နှင့် အာဆီယံ ကိုရီးယား ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကိုရီးယားရုပ်ရှင် သရုပ်ဆောင်နှင့် အနုပညာရှင်များ မိမိတို့နိုင်ငံသို့ လာရောက်လည်ပတ်ပြီး ဖျော်ဖြေမှု အစီအစဉ်များ တင်ဆက်ခြင်းကို ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ပါကြောင်း၊ ယနေ့ ကျင်းပသော ဖျော်ဖြေတင်ဆက်ပွဲတွင် ကိုရီးယား အနုပညာရှင်များနှင့်အတူ မိမိတို့မြန်မာနိုင်ငံမှ အနုပညာရှင်များကလည်း ပူးပေါင်းဖျော်ဖြေရန် စီစဉ်ထားကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ အရှေ့အာရှကို အခြေခံသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို နှစ်နိုင်ငံ ရုပ်ရှင် ဂီတအနုပညာရှင်များက တစ်ဆင့် နှစ်နိုင်ငံ ပြည်သူလူထုသို့ ပို့ဆောင်ပေးနိုင်ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက် အစီအစဉ်များ ပိုမိုတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် ကြွရောက်အားပေးကြည့်ရှုကြသူ အားလုံးနှင့် ဖျော်ဖြေတင်ဆက်မည့် အနုပညာရှင်များအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Ju Heum က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာတေးသံရှင်များနှင့် ကိုရီးယားတေးသံရှင်များက တေးသံသာများဖြင့် အလှည့်ကျ သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သံအမတ်ကြီး Mr. Lee Ju Heum တို့က ဖျော်ဖြေတင်ဆက်ကြသည့် တေးသံရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ကိုရီးယားရုပ်ရှင်နှင့် ဂီတပညာရှင်များ ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၅

အာဆီယံနှင့်ကိုရီးယား သမ္မတနိုင်ငံတို့ ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကိုရီးယားရုပ်ရှင် သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်း စီမံချက်အရ ရန်ကုန်မြို့သို့ လေ့လာရေးခရီး လာရောက်ခဲ့ကြသော ကိုရီးယား သမ္မတနိုင်ငံမှ Baby VOX အဖွဲ့နှင့် ရုပ်ရှင်နှင့်ဂီတ အနုပညာရှင်များအဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကိုရီးယား ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ သံတမန်ဆက်ဆံရေး ထူထောင်မှု နှစ်(၃၀)မြောက်နှင့် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဖျော်ဖြေတင်ဆက်ပွဲတွင် ကိုရီးယားသရုပ်ဆောင် Mr. Kim Jae Won နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

အာဖဂန်နစ္စတန်တွင် ကန်ရဟတ်ယာဉ်ပျက်ကျ

ကဘူး စက်တင်ဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံတွင် တနင်္ဂနွေနေ့က စစ်ဆင်ရေးလုပ်ငန်းတစ်ရပ် ဆောင်ရွက်နေစဉ်အတွင်း အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဒိုင်ချိုဖန်ခရိုင်တွင် အမေရိကန်စက်ဘက်မှ စီအိပ်ချ်-၄၇ချင်းနွတ်အမျိုးအစား ရဟတ်ယာဉ် ပျက်ကျခဲ့ကြောင်း၊ ခုခံတိုက်ခိုက်ရေးသမားများအား နှိမ်နင်းရေး စစ်ဆင်ရေးတစ်ရပ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များကို ပို့ဆောင်ပေးခဲ့သည့် ယင်းရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားရခြင်းသည် ရန်သူ၏ပစ်ခတ်မှုကြောင့် ဟုတ်၊မဟုတ် ပြောရန်စောသေးကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးလင်းယန့်ကပြောကြားသည်။**အမ်အင်အေ၊ရိုက်တာ။**

ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် ၁၃ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အရှေ့ပိုင်း ဘဂ္ဂဒက်မြို့သစ်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့လက်ရွေးစင်ကွန်မန်ဒိုတပ်ဖွဲ့ဝင် ၁၃ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့သစ်တွင် ဖြစ်ပွားသောယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က အသေးစိတ် ပြောကြားခြင်းမရှိပေ။

ထိုစဉ်အတွင်း မြို့တော် ဘဂ္ဂဒက်တောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲငယ်ဖြစ်ပွားခဲ့ရာ အီရတ်ရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တက္ကဆက်နှင့် လူဝီစီယားနားပြည်နယ်တို့တွင် မုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

ရီတာအမည်ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တက္ကဆက်ပြည်နယ် ပို့အာသာမြို့၌ နေအိမ်များ ရေနစ်မြုပ်နေသည်ကို စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။

ဓာတ်ပုံ-အင်တာနက်

ဗျူးမောင့် စက်တင်ဘာ ၂၅

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် လူဝီစီယားနားပြည်နယ်တို့တွင် ရီတာဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရီတာအမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် စနေနေ့က မက္ကဆီကိုပင်လယ်ကွေ့ဘက်မှ အမေရိကန်နိုင်ငံ ကမ်းရိုးတန်းဒေသဘက်သို့ တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ တက္ကဆက်ပြည်နယ်နှင့် လူဝီစီယားနားပြည်နယ်တို့၏ နယ်စပ်ဒေသတို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိသည်။

လူဝီစီယားနားပြည်နယ်ရှိ ရေလွှမ်းမိုးနေသော ကာဂျွန်ခရိုင်တွင် ရေထုအတွင်းပိတ်မိနေသူများကို ရှာဖွေနိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းလျက်ရှိသည်။

တက္ကဆက်ပြည်နယ်တွင် မုန်တိုင်းဘေးဒဏ်မှ လွတ်ရာသို့ ထွက်ပြေးခဲ့ကြသော ဒေသခံပြည်သူသုံးသန်းခန့်အနေဖြင့် ၎င်းတို့၏ နေအိမ်များသို့ အဆောတလျင် မပြန်လာသင့်ကြောင်း တာဝန်ရှိသူများက တိုက်တွန်းထားသည်။

လူဝီစီယားနားပြည်နယ်တောင်ပိုင်း ကာဂျွန်ခရိုင်မှာ ပင်လယ်ကမ်းရိုးတန်းဒေသတွင် တည်ရှိသည့်အားလျော်စွာ မုန်တိုင်းဇုန်အတွင်းကျရောက်သွားခဲ့သည်။ ကမ်းရိုးတန်းဒေသရှိ မြို့ငယ်များတွင် ၁၅ ပေ အနက်အထိ ရေလွှမ်းမိုးလျက်ရှိရာ လူရာပေါင်းများစွာမှာ ၎င်းတို့၏ နေအိမ်ခေါင်မိုးများပေါ်တွင်လည်းကောင်း၊ နေအိမ်ခန်းများအတွင်း၌လည်းကောင်း ပိတ်မိလျက်ရှိသည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် မော်တော်ဘုတ်များနှင့် ရဟတ်ယာဉ်များဖြင့် ရေထုအတွင်း ပိတ်မိနေသူများကို လှည့်လည်ရှာဖွေကာ ကယ်တင်ပေးလျက်ရှိသည်။

မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွားခံစားရသော မြို့တစ်မြို့မှာ ဟူစတန်မြို့ဖြစ်သည်။ ဟူစတန်မြို့သည် အမေရိကန် ရေနံထုတ်လုပ်မှုလုပ်ငန်း၏ အချက်အချာမြို့ဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့်နေအိမ်၊ အဆောက်အအုံများနှင့် လမ်းများပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ သစ်ပင်များပြိုလဲခြင်းတို့ ပေါ်ပေါက်ခဲ့သည်။ မုန်တိုင်းဘေးလွတ်ရာသို့ ရွှေ့ပြောင်းထွက်ခွာရန် ဒေသဆိုင်ရာ အာဏာပိုင်များ၏ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိသူများမှာ မုန်တိုင်းဒဏ်ကို အလူးအလဲခံစားကြရပြီး ထိတ်လန့်ဖွယ်ရာ အတွေ့အကြုံတစ်ရပ်ကို ရရှိလိုက်ကြသည်။

လူဝီစီယားနား ပြည်နယ်တောင်ပိုင်းရှိ အဓိကကျသော သဘာဝဓာတ်ငွေ့ စက်ရုံကြီးတစ်ရုံမှာ မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးရသည်။ ဟန်နရီဟတ်ဘ်ဟူ၍ သိရှိကြသော ယင်းဓာတ်ငွေ့ စက်ရုံကြီးသည် နိုင်ငံအတွင်း သုံးစွဲသော သဘာဝဓာတ်ငွေ့၏ သုံးပုံတစ်ပုံကို ထောက်ပံ့ပေးနေသည့် အရေးပါသောစက်ရုံကြီးဖြစ်ပြီး ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပေါ်နေသဖြင့် ဓာတ်ငွေ့ပေးပို့ရန် အခက်အခဲများ တွေ့ကြုံနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရီတာမုန်တိုင်းကြောင့် ရေနံချက်စက်ရုံသုံးရုံထက် မနည်းပျက်စီးရကြောင်း ရေနံကုမ္ပဏီများက ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် တက္ကဆက်ပြည်နယ်နှင့် လူဝီစီယားနားပြည်နယ်တို့တွင် လူပေါင်းနှစ်သန်းကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် တွေ့ကြုံရသည်။ မုန်တိုင်းဒဏ်ခံဒေသတွင် လျှပ်စစ်ဓာတ်အား ပုံမှန်ပြန်လည်ဖြန့်ဖြူးရန် တစ်လမျှ အချိန်ယူရဖွယ်ရှိသည်။

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးရမှုတန်ဖိုးမှာ ဒေါ်လာ ခြောက်ဘီလီယံအထိ ရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းသည်။ **အင်တာနက်။**

နိုင်ငံတော်၏ စေတနာနှင့် ဧရာဝတီသားတို့ အားမာန်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"အမျှတဲ့ သုံးကြိမ်ဝေ
သွန်းတဲ့ညောင်ရေ
မာပါစေကမ္ဘာသား
အောက်ထက်နံ့လျှား။ ။"

(ကျေးလက်တေးသံ)

"သက်တော်ထင်ရှား မြတ်စွာဘုရားကိုဖြစ်စေ၊ ဘုရား၏ဓာတ်တော်၊ မွေတော်တို့ကိုဖြစ်စေ၊ စိတ်စေတနာ သဒ္ဓါအမျှထား၍ ကိုးကွယ်ပူဇော်ဘိမူ အကျိုးတူ၏။ ဓာတ်တော်၊ ဆံတော်၊ စေတီတော်အား စိတ်ထားအမွန် အမြတ်ဖြင့် ဘုရားအမှတ် ပူဇော်အပ်မူ၊ လူနတ်ပြဟ္မာ ကောင်းရာသုဂတိသို့ ရောက်ရှိ၏။ အပယ်တံခါးပိတ်၏"ဟူ၍ မြတ်ဘုရားဟောကြားခဲ့သည်။

ဧရာဝတီတိုင်း၏ ကျက်သရေဆောင် ပြည်တော်ပြန် မာရ်အောင်မြင် ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ဟင်္သာတခရိုင် ဇလွန်မြို့ပေါ် ဧရာဝတီ မြစ်ကမ်းနံဘေးတွင် တည်ရှိသည်။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် လက်ထက်က ဓညဝတီရခိုင်ပြည့်ရှင် စန္ဒသူရိယဘုရင် သွန်းလုပ်စေခဲ့သည့် ကြေးဆင်းတုတော်ကြီး လေးဆူအနက် တစ်ဆူဖြစ်၍ ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော်အဖြစ် ထင်ရှားသည်။ လက်နက်ကိရိယာများနှင့် ကြေးပြား ဒင်္ဂါးသွန်းလုပ်ရန်အတွက် နယ်ချဲ့ဗြိတိသျှအစိုးရက ယူဆောင်သွားကြပြီး အရည်ဖျော်မရ၍ ပြန်ပို့ခဲ့ရသည့် ရုပ်တုတော်ဖြစ်သည်။ ပြည်တော်ပြန်ဟု အမည်ရတော်မူခဲ့သည်။

ဇလွန်မြို့ ပြည်တော်ပြန်ဝင်းကြီးထဲတွင် မြန်မာနိုင်ငံတစ်နံတစ်လျား ဘုရားဖူးပြည်သူများ၊ ဘုရားဖူးကားများနှင့် စည်ကားလျက်ရှိသည်။ စန္ဒသူရိယမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရုပ်ပွားဆင်းတုတော်လေးဆူတို့တွင် **"ပထမသွန်းလုပ်သော ရုပ်ပွားတော်သည် မဟာမြတ်မုနိ၊ ဒုတိယ ရှင်ကျော်၊ တတိယ ရွှေဘုံသာ၊ စတုတ္ထ မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်များ"**ဟု ထင်ရှားဘွဲ့တော် သောင်းလုံးကျော်ကြားလေ၏။ မာရ်အောင်မြင်ရုပ်ပွားတော်သည် မဟာမြတ်မုနိ (မန္တလေး) ရုပ်ပွားတော်မြတ်၏ လက်ယာတော်ရံဖြစ်သည်။

မြန်မာ့မြေနှင့် ဧရာဝတီမြစ်ရေသည် ထာဝစဉ် တွဲလျက်ရှိသည်။ ဧရာဝတီမြစ်ရေအလျဉ်သည် မြန်မာ့မြေတွင် စတင်ပေါက်ဖွား မြစ်ဖျားခံခဲ့ပြီး မြန်မာ့မြေ မိုင်ပေါင်း ၁၀၅၅ မိုင်ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ မြန်မာ့မြေ၊ မြန်မာ့ရေပီသစွာ ပြည်သူ၊ ပြည်သားတို့၏ ထာဝရအားထားရာ မြစ်ကြီးဧရာဝတီ ဖြစ်ပေသည်။

ထို့ကြောင့် ဧရာဝတီမြစ်စဉ်စုကို မဏ္ဍိုင်ပြု၍ ဖြစ်ပေါ်တည်ရှိနေသော မြစ်ဝကျွန်းပေါ်ဒေသကို ဧရာဝတီမြစ်ဝ မြေနုကျွန်းပေါ်ဒေသဟု ခေါ်ပါသည်။ ဧရာဝတီတိုင်းမှာလည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ဗဟိုပြု၍ ဖွဲ့စည်းထူထောင်ထားခြင်းဖြစ်ရာ ဧရာဝတီတိုင်းသည် ဧရာဝတီမြစ်နှင့်အတူ မြန်မာ့ရေတို့နှင့် ယှဉ်တွဲဖြစ်ပေါ်လာသည့် နိုင်ငံတော်၏ အဓိက အသက်သွေးကြောဖြစ်၍ ဧရာဝတီသည် မြန်မာတို့၏ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကြောင်းနှင့် ဆက်စပ်နေသည်။ မြန်မာ့သမိုင်းကြောင်းကို ဧရာဝတီက သက်သေပြုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအခြေအနေကိုလည်း ဧရာဝတီတိုင်းက သက်သေပြုနိုင်ပါသည်။

၂၀၀၃ ခုနှစ် ဇွန်လ ၇ ရက်နေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်း၏မြို့တော် ပုသိမ်မြို့သို့ရောက်ရှိစဉ် တိုင်းမြဧရာ ခန်းမ၌ အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်–

"ဧရာဝတီတိုင်းသည် ပြည်နယ်၊ တိုင်းများအနက် နိုင်ငံတော်အတွက် အားအထားရဆုံး တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍရော၊ မွေးမြူရေးကဏ္ဍပါ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့်အပြင် စပါးစိုက်ပျိုးရာ၌ နိုင်ငံတော်တစ်ရပ်လုံး၏ စပါးစိုက်ပျိုးမှု လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးပေးနေသော နယ်မြေဒေသလည်းဖြစ်ကြောင်း။

အကောင်းဆုံးမြေဆီမြေလွှာ အမျိုးအစားကို ပိုင်ဆိုင်ထားသည့်အတွက် လယ်ယာကုန်ထုတ်လုပ်မှုတိုးမြှင့်ရန် အခြေခံရှိသကဲ့သို့ မွေးမြူရေးကဏ္ဍမြှင့်တင်ရန်အတွက် သဘာဝအင်းအိုင်များရှိသည့်အပြင် ပင်လယ်ပြင်နှင့်လည်း ဆက်စပ်လျက်ရှိရာ ရေချိုရေငန် ငါးပုစွန်မွေးမြူရေးလုပ်ငန်းများကို ပေါင်းစပ်လုပ်ကိုင်နိုင်သည့် ရေခံ၊ မြေခံ အခြေအနေကောင်းများပါ တည်ရှိလျက်ရှိသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် စီးပွားရေးအရ အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် ဧရာဝတီတိုင်း၏ တည်ရှိနေသော သဘာဝအလားအလာ အခြေအနေကောင်းများကို အပြည့်အဝဖော်ထုတ်အသုံးချသွားရန် အရေးကြီးကြောင်း။"

ဧရာဝတီတိုင်းအတွင်း ယခင်အခါက စိတ်ကူးယဉ်အိပ်မက်အဖြစ်သာ ရှိခဲ့သော မြစ်ကူးတံတားကြီးများမှာလည်း နှစ်တိုကာလအတွင်း လက်တွေ့ရုပ်လုံးပေါ်လာသည်။ **"ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ ဒေးဒရဲတံတား၊ မြောင်းမြတံတား၊ ပင်လယ်လေးတံတား၊ ဂုံညင်းတန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ ပုသိမ်တံတား"** စသည့် တံတားကြီးစာရင်းဝင် တံတားပေါင်း အစင်း ၄၀ ပေါ်ထွက်လာခဲ့သည်။ တည်ဆောက်ဆဲ **"ပမ္မဝတီတံတား၊ မြင်းကဆိပ်တံတား၊ ဖျာပုံတံတား"** များ ပြီးစီးပါက ၄၃ စင်း ဖြစ်ပေါ်တော့မည် ဖြစ်သည့်အတွက် ဧရာဝတီတိုင်း၏ ရေကြောမြေကြောများကို ပေါင်းကူးဆက်စပ်လိုက်နိုင်ပြီ ဖြစ်သည်။

ရန်ကုန်–ပုသိမ်လမ်းမကြီးနှင့်အတူ မအူပင်–ကျိုက်လတ်–ဖျာပုံလမ်း၊ ဖျာပုံ–ဘိုကလေးလမ်း၊ ဒေးဒရဲ– ကျိုက်လတ်လမ်း၊ မအူပင်–ဆားမလောက်လမ်း၊ ပန်းတနော်–ဝါးခယ်မ–ကျုံမငေးလမ်း၊ မြောင်းမြ–အိမ်မဲ–ကျောင်းကုန်းလမ်း၊ ဟင်္သာတ–မြန်အောင်လမ်း၊ ဟင်္သာတ–ဇလွန်–ခနေဖြူလမ်း၊ ပုသိမ်–ချောင်းသာလမ်း၊ ပုသိမ်–ငွေဆောင်လမ်း စသည်များ ပေါ်ထွက်လာသည်။ ပုသိမ်–သလပ်ခွာ–မော်တင်လမ်းကဲ့သို့ အမာခံလမ်းဖြစ်အောင် လုပ်ဆောင်နေဆဲလမ်းများလည်း ရှိသေးသည်။ ယင်းလမ်းများကို ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်းအမျိုးအစားမခွဲဘဲ ပေါင်းစပ်လိုက်ပါက စုစုပေါင်းမိုင် ၁၃၀၀ ခန့်ရှိပြီးဖြစ်သည်။ ခြုံလိုက်လျှင် ဧရာဝတီတိုင်း၌ မြို့နယ်အားလုံးနီးပါးကို မော်တော်ကားလမ်းများဖြင့် တိုက်ရိုက်ဆက်စပ်သွားလာနိုင်ပြီဖြစ်သည်။

ထို့အပြင် ပုသိမ်–မုံရွာလမ်းမကြီးသည် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းစသည့် တိုင်းကြီးလေးတိုင်းကို ဖြတ်ကျော်၍ ဧရာဝတီတိုင်းမှ ပုသိမ်၊ ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်း မြို့နယ်များကိုဖြတ်ကျော်ပြီး ပုသိမ်မှ မုံရွာအထိ ဧရာဝတီအနောက်ခြမ်းတွင် ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။ ရန်ကုန်–မန္တလေး လမ်းမကြီးပြီးလျှင် ထိုလမ်းမကြီးသည် အရှည်လျားဆုံးနှင့် အကျယ်ဆုံးဖြစ်ပါသည်။ထိုလမ်းမကြီးကြောင့် ဧရာဝတီတိုင်း၏ အရှေ့ဘက်ကမ်းများ နည်းတူ အနောက်ဘက်ကမ်းလည်း ဖွံ့ဖြိုးမှုညီမျှလာခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ဧရာဝတီတိုင်းသည် အသားတင်စိုက်ဧက ၄၈ ဒသမ ၈၄ သိန်းရှိရာ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စိုက်ဧကပြည့်မီ၍ အထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ သီးနှံစိုက်စွမ်းအားမြှင့်တင်ရေးနှင့် အလေအလွင့်နည်းပါးရေး ဦးတည်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယခုမိုးစပါးရာသီကုန်အထိ ဧက ၃၅ ဒသမ ၆၈ သိန်း စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက်ကျော်လွန် စိုက်ပျိုးနိုင်ခဲ့သည်။ နိုင်ငံတော်က ရည်မှန်းထားသော မိုးစပါးဧက ၃၆ သိန်း ပြည့်မီရေး၊ နွေစပါးဧက ၁၇ သိန်း စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သီးနှံစိုက်စွမ်းအား မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဓိက သီးနှံ ၁၀ မျိုးနှင့် အမယ်သစ်သီးနှံများအပါအဝင် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် သီးနှံများကို သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက် စိုက်ပျိုးရေးနည်းလမ်းလေးသွယ်ဖြင့် ပေါင်းစပ်ကျင့်သုံး ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဧရာဝတီတိုင်း ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေ ကြခြင်းဖြစ်ပေသည်။

စာရေးသူသည် ကွန်ချောင်းရေလှောင်တမံသို့ ရောက်ရှိလေ့လာခဲ့သည်။ ထိုရေလှောင်တမံကို ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီး ပုသိမ်–မုံရွာကားလမ်းမကြီးမှ သုံးမိုင်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ကွန်ချောင်းရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံ အလျား ပေ ၁၆၇၂၀၊ အမြင့် ၁၃၅ ပေရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၉၈၄၀၀ ဖြစ်ပြီး ဆည်ရေပေးနိုင်သည့်ဧကမှာ ၂၀၀၀၀ ဖြစ်သည်။ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေများလွှတ်ပေးလျက်ရှိရာ ကျေးရွာအုပ်စု ၂၁ အုပ်စု အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ယခုနှစ်တွင် နွေစပါးဧက ၁၅၀၀ စိုက်ပျိုးနိုင်၍ သီးနှံစုံစုစုပေါင်း ဧက ၄၂၀၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းပြီး သီးနှံစိုက်စွမ်းအားကို ၂၀၀ ရာခိုင်နှုန်းအထိ အကျိုးခံစားရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ ၁၇၃ ခုမြောက်နှင့် ဧရာဝတီတိုင်း၏ ရှစ်ခုမြောက် ရေလှောင်တမံလည်းဖြစ်သည်။

မိုးများပြီး မြစ်များ၊ ချောင်းများ များပြားသည့် ဧရာဝတီတိုင်းတွင် မိုးတွင်း၌ ရေများရေလျှံပြီး နွေကာလတွင် ရေရှားတတ်ခြင်းကြောင့် ယခုကွန်ချောင်းရေလှောင်တမံ အပါအဝင် နန်ကသူရေလှောင်တမံနှင့် ရေလွှဲဆည်တို့အပြင် ပန်းလှိုင်ရေထိန်းတံခါး၊ မဲဇလီရေထိန်းတံခါး၊ ဝါးတောရေထိန်းတံခါး၊ ထနီးရေထိန်း တံခါး စသည့် ပင်လယ်ရေငန်ဝင်ရောက်မှု အပါအဝင် ရေစီးရေလာထိန်းသိမ်းနိုင်သည့် ရေထိန်းတံခါးများကိုလည်း တည်ဆောက်ပေးထားသည်။

မမြရေလှောင်တမံစီမံကိန်းနှင့် ကညင်ရေလှောင်တမံစီမံကိန်းတို့ကို တည်ဆောက်ပေးနေဆဲဖြစ်သည်။

ရေရရှိရေးလုပ်ငန်းအဖြစ် ဧရာဝတီတိုင်းအတွင်း ကန်ဇွန်းခုံ၊ ငပိဆိပ်၊ ဗမော်သုံးခွ၊ ဒါးက၊ မြို့ကွင်း၊ မြစ်ကျိုး၊ ကျုံစုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်ဆဲ စီမံကိန်းများပြီးစီးသည့်အခါ ဧရာဝတီတိုင်း၏ မိုးစပါး၊ နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးရေး အခြေအနေများစွာ တိုးတက်လာမည်ဖြစ်ပါသည်။ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် မိုးစပါး ၃၅၀၈၂၉၁ ဧက စိုက်ပျိုးရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၃၆ သိန်းပြည့်မီအောင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သကဲ့သို့ နွေစပါး စိုက်ပျိုးရေးတွင်လည်း တိုးချဲ့ဖွင့်လှစ်မည့် မြစ်ရေတင်စီမံကိန်းနှင့် ဆည်များမှရရှိရေဖြင့် နွေစပါးစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးသွားနိုင်မည်ဖြစ်ပါသည်။ ပဲမျိုးစုံစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၀၃–၂၀၀၄ စိုက်ပျိုးရာသီတွင် ဧက ၁၄ ဒသမ ၂ သိန်း စိုက်ပျိုးခဲ့ပြီး ၂၀၀၄–၂၀၀၅ စိုက်ပျိုးရာသီတွင် ဧက ၁၅ ဒသမ ၂၈ သိန်း စိုက်ပျိုးနိုင်ခဲ့၍ ဧကတစ်သိန်း တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။

မွေးမြူရေးကဏ္ဍတွင် ဧရာဝတီတိုင်း၌ ပုစွန်ကန် ၄၀၂၇၄ ဧက၊ ငါးမွေးကန် ၉၄၇၃၂ ဒသမ ၈၈၀ ဧက မွေးမြူနိုင်သည့်အပြင် ဝဝန်မြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် ငါးတန်မွေးမြူရေးနှင့် စပါးခင်းများထဲ ငါးမျိုးစိုက်ထည့်မွေးမြူမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ ကြက်မွေးမြူရေးတွင်လည်း ကြက်ကောင်ရေ ၁၀၂၂၅၄၂၉ ကောင် မွေးမြူထားသည်။

စက်မှုကုန်ကြမ်း သယံဇာတများဖြစ်သည့် ဝါ၊ ရော်ဘာ စသည့် စက်မှုကုန်ကြမ်းများ တိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့၍ ဧရာဝတီတိုင်းတွင် ရော်ဘာဧက ၁၀၀၀၀၀ ကို ရေမြေသယံဇာတကိုက်ညီသော မြို့နယ် ခြောက်မြို့နယ်၌ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၁၂၅၀၊ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၄၅၀၀၀၊ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ဧက ၅၃၇၅၀ စုစုပေါင်း ဧက ၁၀၀၀၀၀ ကို ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဒေသခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားသည်။

ဧရာဝတီတိုင်းသည် တစ်နိုင်ငံလုံး၏ နွေစပါးစိုက်ဧက ထက်ဝက်ကျော်ရှိ၍ မိုးစပါးစိုက်ဧက လေးပုံတစ်ပုံကျော် ရှိနေသည်။

မြေဆီမြေလွှာကောင်းသည့်အတွက် ဧရာဝတီတိုင်း၏ စပါးတစ်ဧက အထွက်နှုန်းကို သိသိသာသာ တိုးတက်အောင် ကြိုးစားနိုင်ပြီး နိုင်ငံတော်က ရည်မှန်းထားသည့် စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ထိရောက်စွာ အထောက်အကူပြုနေပြီဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင်လည်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကို အားပေးမြှင့်တင်ဆောင်ရွက်၍ ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်ရန် စီမံနေကြပါသည်။ ချောင်းသာ၊ ငွေဆောင်စသည့် အပန်းဖြေစခန်းများကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ တစ်ရှိန်ထိုး တိုးတက်လာသည်။

ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ဒေသများကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးအထူးဒေသများအဖြစ် သတ်မှတ်ကာ တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ ထူထောင်ပေးပြီး ထူးချွန်ထက်မြက်၍ ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းများ ရင်းနှီးပျိုးထောင်ပေးလျက်ရှိသည်။

ကြံခင်းဘိလပ်မြေစက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နှစ်လျှင် စက်လည်ပတ်ရက် ၃၀၀၊ တစ်ရက်လျှင် ရှစ်နာရီ၊ အဆိုင်းသုံးဆိုင်း၊ ၂၄ နာရီဖြင့် သတ်မှတ်စက်စွမ်းအား တစ်နှစ်လျှင် ဘိလပ်မြေ တန် ၃၆၄၈၀၀ ထုတ်လုပ်နိုင်သည်။ ၂၀၀၅–၂၀၀၆ ကုန်ထုတ်လုပ်မှု လျာထားချက် ဘိလပ်မြေတန် ၃၆၀၀၀၀ ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘိလပ်မြေထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းတစ်ခုဖြစ်သည့် ထုံးကျောက်များကို စက်ရုံမှ ငါးမိုင်ခွဲခန့် ကွာဝေးသည့် ထုံးကျောက်တောင်မှ စက်ယန္တရားကြီးများဖြင့် ထုတ်လုပ်နေမှုကိုလည်းကောင်း၊ တစ်နာရီလျှင် တန် ၃၀၀ ကြိတ်ဝါးနိုင်သည့် Gyratory Crusher အမျိုးအစား ကျောက်ခွဲစက်အသစ်ကြီး၏ ထုံးကျောက်များ ကြိတ်ခွဲနေမှုကိုလည်းကောင်း၊ ထုံးကျောက်သိုက်တွင် ပေ ၃၀၀ အထက် ထုံးကျောက်တန်ချိန် ၄၉ သန်း၊ Ground Level ပေ ၁၁၀ မှ ပေ ၃၀၀ အထိ ထုံးကျောက်တန်ချိန် ၄၁ သန်းခန့်ရှိရာ ကြံခင်းဘိလပ်မြေစက်ရုံတွင် ၁၉၇၅–၇၆ ခုနှစ်မှ ယနေ့အထိ ထုံးကျောက်တန်ချိန် ၁၀ ဒသမ ၂ သန်း ထုတ်လုပ်ပြီးဖြစ်ရာ ထုံးကျောက်တန်ချိန် သန်း ၈၀ ခန့် ကျန်ရှိသေး၍ နှစ်ပေါင်း ၁၄၇ နှစ်ခန့် ဆက်လက်ထုတ်ယူ အသုံးပြုနိုင်ကြောင်းကို လည်းကောင်း၊ ကြံခင်း ထုံးကျောက်တောင်၏ တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် နတ်မီးတောင် ထုံးကျောက်သိုက်သည် ထုံးကျောက်တန်ချိန် ၁၁ သန်းခန့်ရှိပြီး စက်ရုံ၏ အရန်ထုံးကျောက်သိုက်အဖြစ် ထားရှိကြောင်းကိုလည်းကောင်း လေ့လာသိရှိခဲ့ရပါသည်။

ဆိတ်သာ မက်သနောစက်ရုံကိုလည်း ဝင်ရောက်လေ့လာခဲ့ပါသည်။ ထို့နောက် ဧရာဝတီတိုင်း၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေများကို ပန်းတနော်မြို့နယ် ပျဉ်းတုံးကလေးကျေးရွာ ရေနံအစမ်းတွင်း(၁) တူးဖော်နေမှုတို့ကို ဆက်လက်လေ့လာခဲ့ပါသည်။

ပန်းတနော် အစမ်းတွင်းတူးနေသည့်နေရာသည် လေဆီနှင့် သဘာဝဓာတ်ငွေ့များကို စီးပွားဖြစ်ထုတ်လုပ်နေသော ညောင်တုန်းသဘာဝဓာတ်ငွေ့မြေ၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာရှိ သီးခြားဘူမိဗေဒ နေရာဖြစ်သည်။

ညောင်တုန်းမြို့နယ်ရှိ တွင်းသစ်အမှတ် (၂၆)တွင် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ငါးသန်း ကျော်နှင့် လေဆီ (Condensate) ၄၈ စည်ထွက်ရှိ၍ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ ကျော်နှင့်လေဆီ ၈၀၀ ကျော် ထုတ်လုပ်ပေးနေကြောင်း သိရှိရသည်။ ဆက်လက်၍ ညောင်တုန်း၊ မအူပင်နှင့် ဒေးဒရဲမြို့နယ် ကျောက်စရစ်ကွန်း ဒေသနှင့် ကွမ်းခြံကုန်းမြို့နယ် စပါးကြီးစမ်းဒေသတို့တွင် ဆိုက်စမစ် တိုင်းတာနေကြောင်း တွေ့ရှိခဲ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏စေတနာနှင့် ဧရာဝတီ သားတို့ အားမာန်ပေါင်းစပ်ဖော်ဆောင်နိုင်မှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဖြစ်ထွန်းပြီး စားနပ်ရိက္ခာအထူးဇုန်သဖွယ်ဖြစ်နေရုံသာမက သဘာဝဓာတ်ငွေ့စွမ်းအင်ကိုပါ ထုတ်လုပ်ပေးနိုင်လျက်ရှိသော ဧရာဝတီတိုင်း၏ ဘက်စုံဖွံ့ဖြိုးနေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ ဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၆၆ တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် သရက်တောကျောင်းတိုက်အတွင်းရှိ အလယ်တိုက်ကျောင်း၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ အမှူးပြုသော သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းတို့မှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင် ကျောင်းသူလေးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာဇောတထံမှ တိုင်းမှူးနှင့်တကွ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ စစ်ဦးစီး ဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီးချန်မောင်တို့က မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင် လီမိတက်၊ တိုင်းရင်းဆေး ပညာဦးစီးဌာနနှင့် အသင်းအဖွဲ့များ၊ အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ ငရုတ်သီးမှုန့်နှင့် ငါးခြောက် အစရှိသော လှူဖွယ်ပစ္စည်းများကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ်တစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးထောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်တစ်သိန်း၊ အရဏ်ဦး ဆောက်လုပ်ရေးက ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် သုံးသိန်းနှင့်ကျပ်ခုနစ်ဆယ်၊ ပုဂံဟိုတယ်မှ သီရိသုဓမ္မသီဂီ ဒေါ်အေးမြတ်နွယ်က ငွေကျပ်သုံးသိန်း၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်းမှ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦးတို့က ငွေကျပ်သုံးသိန်း၊ A.A Medical Products Ltd. မှ ဦးဇော်မိုးနိုင်-ဒေါက်တာစောနေနွယ်တို့က ငွေကျပ်သုံးသိန်း၊ Golden Hawks Int၊ l Ltd က ငွေကျပ်သုံးသိန်း၊ ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးမှ ဦးဝင်းသိန်း မိသားစုက ငွေကျပ် သုံးသိန်း၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီမှ ဦးတင်ဝင်း-ဒေါ်စန်းဝင်းတို့က ငွေကျပ်နှစ်သိန်း၊ သမ္မတသက်န်းတိုက်မှ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေတို့က ငွေကျပ် နှစ်သိန်း၊ လွယ်ဟိန်းကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ B.T.B ကုမ္ပဏီမှ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်တို့က ငွေကျပ် တစ်သိန်းငါးသောင်း၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေးမှ ဦးတင်အောင်-ဒေါ်လှလှနွယ်တို့က ငွေကျပ်တစ်သိန်းငါးသောင်း၊ လမ်းမတော်မြို့နယ်မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၄၈၇၅၀၀၊ ဆန်းမြန်မာခရီးသွားလုပ်ငန်းမှ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်တို့က ငွေကျပ်တစ်သိန်း၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေတို့က ငွေကျပ် တစ်သိန်း၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်းနှင့် သား မောင်ထက်လင်းတို့က ငွေကျပ်တစ်သိန်း၊ မြင့်မြတ်ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းမှ ဦးအောင်မွန်-ဒေါ်လှလှမော်တို့က ငွေကျပ်တစ်သိန်း၊ ဘုန်းကြီးလမ်း သံဃာ့ဒါန ဆွမ်းလောင်းအသင်းက ငွေကျပ်တစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီမိခင်ကြီး ဒေါ်ခင်နွဲ့ရီအား အမှူးထား၍ သား ဦးတင်စိုး- သမီး ပွင့်မာခိုင်တို့က ငွေကျပ်တစ်သိန်း၊ ရွှေစင် ရွှေဆိုင်က ငွေကျပ်တစ်သိန်း၊ Milus စနိုးမိသားစုက ငွေကျပ်တစ်သိန်း၊ ရှိုင်းဟုပ်ကုမ္ပဏီမိသားစုက ငွေကျပ်တစ်သိန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ငွေ ၈၀၁၂၅ ကျပ်၊ မော်တင်တာဝါ ဆောက်လုပ်ရေးက ငွေကျပ် ၆၁၇၀၀၊ ကေသီပန်ဆေးတိုက်မှ ဦးကြည်စိုးက ငွေကျပ် ၅၅၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ၅၄၀၀၀၊ မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီက ငွေကျပ်ငါးသောင်း၊ Hair and Skin Comestic Trading Co., Ltd. က ငွေကျပ်ငါးသောင်း၊ Golden Flower Co., Ltd. က ငွေကျပ် ငါးသောင်း၊ စိုးမိုးကျော်နှင့်ဝိုင်းဝိုင်းလည် မိသားစု ထီဆိုင်က ငွေကျပ်ငါးသောင်း၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)မှ ဝန်ထမ်းများက ငွေကျပ် ၄၈၃၂၀၊ လမ်းမတော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်လေးသောင်း၊ လမ်းမတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် လေးသောင်း၊ လမ်းမတော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် သုံးသောင်း၊ မိုးဇလပ်ဝါ စားသောက်ဆိုင်မှ ဒေါ်ခင်မေအောင်က ငွေကျပ်သုံးသောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်နှစ်သောင်း၊ ညောင်ပင်လေးဈေး ပလာဇာက ငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီး များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းတို့က ကျောင်းတိုက်ကြီးများမှ ဆရာတော် သံဃာတော်များကိုယ်စား လက်ခံယူကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော် မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော် ကြီးကျောင်း ၆၆ ကျောင်းသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ယင်းနောက် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီးချန်မောင်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသော တပ်မတော်အရာရှိကြီးများ၊ ဧည့်ပရိသတ်များသည် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ် ၁၀ မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ ယနေ့ လှူဒါန်းခဲ့ကြသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၃၁ အိတ်၊ ဆီ ၁၃၂ ပိဿာ၊ ပဲ ၁၁၅ ပိဿာ၊ အိုင်အိုဒင်းဆား ၆၃၂ ပိဿာ၊ သွားတိုက်ဆား ၂၄၈ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၄၀၄၅ ဘူးနှင့် ငါးခြောက် ၃၇၁ပိဿာ၊ ငရုတ်သီးမှုန့်အထုပ် ၃၆၀၊ ငံပြာရည် ငါးလီတာဝင် ၁၅ ဘူး၊ ဆပ်ပြာမှုန့်အထုပ် ၂၅၀၊ ရွှေဝါဆပ်ပြာ ၆၄၂ တောင့်၊ မွှေးဆပ်ပြာ ၆၄၂ခဲနှင့် ဆွမ်းပဒေသာပင် ငွေ ၅၇၃၃၇၁၅ ကျပ်ဖြစ်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၅

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် တိုးချဲ့ရပ်ကွက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၄၂၉) ရွှေကြက်ယက်ကျောင်း ဓမ္မရိပ်သာတွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစိန္တာမယကြီးမှူး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို သီတင်းကျွတ်လဆန်း ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင်မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဦးဝါသေဋ္ဌ (ရွှေကြက်ယက်ကျောင်း)နှင့် ပုလဲမြို့သစ်ရွှေနှင်းဆီ အောင်သစ္စာကျောင်း ဆရာတော် ဦးအရိယဝံသ (ဓမ္မာစရိယ)တို့က ပဋိစ္စသမုပ္ပာဒ်တရား၊ သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြို့ဦးစေတီ ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက အောင်ချမ်းသာဆရာတော် အရှင်စန္ဒာသူရိယသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၁၆)ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံ ဓမ္မရိပ်သာ ကျောင်းတိုက်တွင် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဝါတွင်းကာလ တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ အထက်ပါကျောင်းတိုက်၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Advantages & Disadvantages of Operating a Business. (ပထမနှစ်-စီးပွားရေးပညာ- အိမ်တွင်းစီးပွားအထူးပြု)
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုး ဖွင့်ကြပါလိမ့်မယ် (အပိုင်း-၂၁)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မေးမြန်းစူးစမ်း
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း-၁၆)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

လက်ခုပ်ပင်ရေလှောင်တမံ၊ လွှန်ငင်ရေလှောင်တမံတို့နှင့်အတူ ညောင်ကုန်းရေလှောင်တမံသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး အစုအဖွဲ့ဖြင့် တည်ရှိနေ

❖ မန္တလေးတိုင်းမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှု ကော်မတီဝင်များ၊ ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဘင်ခရာအဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ညောင်ကုန်းရေလှောင်တမံ ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

အမှာစကားပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် တည်ဆောက်ပြီးဖြစ်သည့် မိတ္ထီလာမြို့နယ်မှ လက်ခုပ်ပင် ရေလှောင်တမံ၊ ပျော်ဘွယ်မြို့နယ်မှ လွှန်ငင်ရေလှောင်တမံတို့နှင့်အတူ ညောင်ကုန်းရေလှောင်တမံသည် မိတ္ထီလာလွင်ပြင်တစ်ဝန်းစိမ်းလန်းစိုပြည်ရေးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးတို့အတွက် အစုအဖွဲ့ဖြင့် တည်ရှိခဲ့ပြီဖြစ်ကြောင်း။

ဤရေလှောင်တမံအစုအဖွဲ့က ပျော်ဘွယ်မြို့နယ်အတွင်း၌ ၁၉၉၅ခုနှစ်စက်တင်ဘာလက တည်ဆောက်ခဲ့သည့် ချောင်းကောက် ရေလှောင်တမံ၏ ပိုလျှံသည့် ရေပမာဏကို မိတ္ထီလာကန်အကြားတွင် ကြားခံဆက်သွယ်ပြီး မိတ္ထီလာကန်တော်အတွင်း ရေဖြည့်တင်းပေးခြင်းအားဖြင့် ဒေသနေပြည်သူများအတွက် သောက်သုံးရေဖူလုံစေမည့်အပြင် မိတ္ထီလာကန် ရေသောက်စိုက်ဧရိယာများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက်ကိုပါ များစွာအထောက်အကူပြုလာတော့မှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအခြေခံကောင်းများရှိသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများမှတစ်ဆင့် စီးပွားရေးအခြေခံ ခိုင်မာအောင် ဆောင်ရွက်လျက်ရှိကြောင်း။

အစီအရီပေါ်ထွက်

ယနေ့ နိုင်ငံတော်အတွင်း ဆည်မြောင်းတာတမံ စသည့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေမည့် ရေရရှိရေးအစီအမံများကြောင့် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ကွင်းကြီးများ အစီအရီပေါ်ထွက်လာနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ပြည်သူများအကျိုးအတွက် နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရအောင် အခါမလပ်ကြပ်မတ်လမ်းညွှန်ပေးလျက်ရှိရာတွင် အထူးသဖြင့် စိုက်ပျိုးရေး၌ အရေးပါသည့် စိုက်ပျိုးရေရရှိရေးအတွက် စိုက်ပျိုးရေ ရှားပါးသောဒေသများ၌ ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်အကောင်အထည် ဖော်သွားရန် လမ်းညွှန်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုတည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် ညောင်ကုန်းရေလှောင်တမံ အပါအဝင် လက်ခုပ်ပင်၊ လွှန်ငင် ရေလှောင်တမံ အစုအဖွဲ့သည် ၁၉၈၈ခုနှစ်နောက်ပိုင်း မန္တလေးတိုင်းအတွင်း၌ အကောင်အထည်ဖော်ပေးလိုက်သည့် ၄၅ခုမြောက် ရေလှောင်တမံအစုအဖွဲ့တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်၏ ၁၇၈ခုမြောက် ရေလှောင်တမံစီမံကိန်းလည်းဖြစ်ကြောင်း၊ ဤကဲ့သို့ တည်ဆောက်ပေးနိုင်မှုများကြောင့် နိုင်ငံနှင့် တစ်ဝန်း ဆည်ရေသောက် ဧက နှစ်သန်းလေးသိန်း သုံးသောင်းကျော်တိုးတက်လာခဲ့ပြီး ၁၉၈၈ခုနှစ်က သီးနှံစိုက်စွမ်းအားသည် ၁၁၉ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာက ယခုအချိန်တွင် ၁၅၂ ဒသမ ၇ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ကြောင်း။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားလာရေးအတွက် အဓိကဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အစီအမံများကို အစီအစဉ်ရှိရှိဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ တစ်ဖက်ကလည်း သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်အောင် အားပေးဆောင်ရွက်နေကြောင်း၊ ရှိပြီးသားစိုက်ဧကများ အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာပေးမှုများလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သီးနှံများအရည်အသွေးနှင့် အထွက်နှုန်းကောင်းစိုက်ပျိုးနိုင်အောင် ဆန်စပါးအပါအဝင် မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ကြံသီးနှံများကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ညောင်ကုန်းရေလှောင်တမံတည်ရှိသည့် ကျေးရွာအုပ်စု ငါးခုသည် ယခင်ကမိုးစပါးနှင့်မိုးနှမ်းကို မှုရင်း ၂၄၂ဧက၌ ပထမသီးနှံအဖြစ် စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် စပါးဧက ၁၁၂ဧကကိုသာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သီးနှံစိုက်စွမ်းအားကိုကြည့်လျှင် ၁၄၆ရာခိုင်နှုန်းသာရှိကြောင်း၊ ယခု ညောင်ကုန်းရေလှောင်တမံ တည်ဆောက်ပေးလိုက်သည့်အတွက် ပထမသီးနှံ မိုးစပါးနှင့် မိုးနှမ်းတို့ကို ပထမသီးနှံအဖြစ် ၃၇၅ဧကအထိ ရေသွင်းစိုက်ပျိုးနိုင်တော့မည့်အပြင် ဒုတိယသီးနှံ စပါးကို ဧက၂၀၀စိုက်ပျိုးလာနိုင်မှာဖြစ်သည့်အတွက် သီးနှံစိုက်စွမ်းအားသည် ၁၅၃ ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားရတော့မှာ ဖြစ်ကြောင်း။

ရေလှောင်တမံကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ရေလှောင်တမံပတ်ဝန်းကျင်နှင့် ရေဝေရေလဲဧရိယာအတွင်း၌ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းပေးခြင်းသည် အရေးပါသည့်အချက်ဖြစ်ကြောင်း။

ထို့အပြင် ရေလှောင်တမံက ပေးဝေမည့်ရေကို အကျိုးရှိရှိ အသုံးပြုနိုင်အောင် တူးမြောင်းစနစ်များ မပျက်စီးရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေညစ်ညမ်းမှုမရှိစေရေးအတွက် သတ်မှတ်ထားမှုများကို လိုက်နာကြပြီး မိမိတို့စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စနစ်တကျသုံးစွဲကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

အလွန်အကျိုးပြုမည်

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် မိတ္ထီလာမြို့နယ်အတွင်း ယနေ့ဖွင့်လှစ်သည့် ညောင်ကုန်းရေလှောင်တမံသည် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ၁၇၈ခုမြောက် တမံတစ်ခုဖြစ်ကြောင်း၊ ဤညောင်ကုန်းရေလှောင်တမံသည် ပျော်ဘွယ်မြို့နယ်အတွင်း တည်ဆောက်ထားသည့် ချောင်းကောက်တမံမှ ပိုလျှံရေများကို ရေသွယ်တူးမြောင်းများဖြင့် ချောင်းကောက်မှ လွှန်ငင်တမံ၊ လွှန်ငင်မှ လက်ခုပ်ပင်တမံ၊ လက်ခုပ်ပင်တမံမှ ညောင်ကုန်းတမံအထိ အဆင့်ဆင့်ဆက်သွယ်ရယူပြီး မိတ္ထီလာကန်သို့ လိုအပ်သလိုရေကူသွားမှာဖြစ်သဖြင့် မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် အလွန်အကျိုးပြုမည့် တမံဖြစ်ကြောင်း။

မိတ္ထီလာခရိုင်သည် မိုးနည်းပြီး ရေရှားသည့်ဒေသ ဖြစ်သည်နှင့်အညီ ပူပြင်းခြောက်သွေ့မှု လွှမ်းကဲခြင်းကြောင့် နိုင်ငံတော်အစိုးရက မိတ္ထီလာဒေသနှင့် မိတ္ထီလာလွင်ပြင်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် ညောင်ကုန်းရေလှောင်တမံ အစုအဖွဲ့သည် ချောင်းကောက်တမံမှ ပိုလျှံရေများပေးသွင်းခြင်းဖြင့် မိတ္ထီလာကန်၏ ရေလှောင်ပမာဏ လျော့နည်းမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်တော့မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာကန်အနေဖြင့် လက်ရှိရေကူပေးနေသည့် မုန်တိုင်တမံမှ ရေများအပြင် ချောင်းကောက်တမံမှ ပိုလျှံရေနှင့် ရေသွယ်တူးမြောင်းတစ်လျှောက်ရှိ ရေဆင်းဧရိယာများမှ စီးဆင်းရေများကိုပါ ညောင်ကုန်းတမံမှတစ်ဆင့် ရရှိတော့မှာဖြစ်သည့်အတွက် မိတ္ထီလာမြို့နေ လူထုသည် သောက်သုံးရေဖူလုံစွာရရှိတော့မည်အပြင် ကန်ရေသောက်ဧရိယာများသို့လည်း စိုက်ပျိုးရေလုံလောက်စွာ ပေးနိုင်တော့မှာဖြစ်၍ မိတ္ထီလာဝန်းကျင် ဒေသတစ်ခုလုံး ပိုမိုစိမ်းလန်းစိုပြည်လာတော့မှာဖြစ်ရာ ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါကြောင်းနှင့် ယခုကဲ့သို့ ဆောင်ရွက်ပေးသည့် နိုင်ငံတော်၏စေတနာကိုလည်း ဒေသခံပြည်သူများက သဘောပေါက်နားလည်ရန် လိုအပ်သည်ဟု ပြောကြားလိုပါကြောင်း။

သက်တမ်းကြာမြင့်

မိတ္ထီလာမြို့နှင့် ပတ်ဝန်းကျင်ဒေသအတွက် အားထားရာဖြစ်သည့် မိတ္ထီလာကန်ကြီးသည် သက်တမ်းကြာမြင့်လာသည့်အလျောက် ရေသိုလှောင်နိုင်မှုမှာလည်း လျော့နည်းလာခဲ့ကြောင်း၊ မိတ္ထီလာကန်၏ ရေသောက်မှာ မိတ္ထီလာ၊ သာစည်နှင့်ဝမ်းတွင်းမြို့နယ်တို့၌ပါဝင်ပြီး စုစုပေါင်းဧက ၄၀၀၀၀ ခန့်ရှိသော်လည်း ရေသိုလှောင်မှုနှင့် ရာသီဥတုအခြေအနေတို့အရ နှစ်စဉ်မိုးစပါးဧက ၁၀၀၀၀ခန့်သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရေဝင်နည်းသည့်ကန်ကြီးကို လက်ရှိရေ ကူပေးနေသည့် မုန်တိုင်ရေလှောင်တမံမှသာမက ယခုဖွင့်လှစ်သည့် ညောင်ကုန်းရေလှောင်တမံ အပိုင်းကလည်း ဝိုင်းဝန်းရေကူ ဖြည့်တင်းပေးတော့မှာဖြစ်၍ မန္တလေးတိုင်းအတွင်း မိုးစပါးဧက ၁၀သိန်းထိ တိုးချဲ့စိုက်ပျိုးမည့် စီမံချက်ကိုလည်း အထောက်အကူပြုမှာ ဖြစ်သည့်အပြင် ဒေသအတွင်း ဘက်ပေါင်းစုံက အကျိုးပြုလာတော့မှာဖြစ်ကြောင်း။

ရှေးဘိုးဘွားလက်ထက်ကတည်းက ယနေ့ထိတိုင် ခေတ်အဆက်ဆက် အလေးထား လုပ်ကိုင်လာသည့် လယ်ယာစီးပွားရေးကဏ္ဍသည် ကြိုးပမ်းအားထုတ်မှုနှင့် ပံ့ပိုးမှုကောင်းလျှင် ကောင်းသလောက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းသည့်လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ဧကအပြည့်အဝစိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းကောင်းမွန်လာရေး၊ သီးထပ်သီးညှပ် ပိုမိုစိုက်ပျိုးနိုင်ရေး စသည့်လယ်ယာကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်က လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးအတွက် စပါးစိုက်ဧရိယာများကို တိုးချဲ့ဖော်ထုတ်လျက်ရှိချိန်တွင် မန္တလေးတိုင်းအနေဖြင့်လည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စပါးစိုက်ဧက စုစုပေါင်း ၈၀၆၄၀၄ ဧက၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၈၇၆၇၆၇ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါး ၈၇၄၀၆၁ ဧကနှင့် နွေစပါး ၂၀၂၀၈၇ ဧက စုစုပေါင်း ၁၀၇၆၁၄၈ ဧက စိုက်ပျိုးရန်တိုးချဲ့လျာထားခဲ့ပြီး ယခုအချိန်တွင် စိုက်ပျိုးပြီးစီးလုနီးဖြစ်ကြောင်း၊ သီးနှံများတစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာနိုင်ခြင်းသည်လည်း ပူပြင်းခြောက်သွေ့သည့်ဒေသများ၌ ရေပိုမိုရရှိအောင် ဘက်ပေါင်းစုံက စဉ်းစားပြီးလိုအပ်သလို အကောင်အထည်ဖော် တည်ဆောက်ပေးနေသည့် နိုင်ငံတော်၏စေတနာကြောင့်သာဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက စေတနာအပြည့်အဝဖြင့် တည်ဆောက်ပေးနေသည့် ဆည်၊ ကန်၊ တမံများ၏ အကျိုးကို တောင်သူလယ်သမားကြီးများအနေဖြင့် တွေ့ကြုံခံစားကြရပြီဖြစ်သဖြင့် သားစဉ်မြေးဆက်ခံစားရမည့် တန်ဖိုးမဖြတ်နိုင်သော စီးပွားရေး အထောက်အကူပြုအမွေအနှစ်များဖြစ်သည့် တည်ဆောက်ပြီး ဆည်၊ ကန်၊ တမံများကို အရှည်တည်တံ့ခိုင်မြဲစေရန် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမှာဖြစ်သည့်အတွက် မိမိတို့ဝန်းကျင်ရှိ တမံများ၊ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများကို မပျက်စီးအောင် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများအားလုံးအတွက် ရေသေချာသည့် ဆည်၊ကန်များရှိနေပြီဖြစ်သဖြင့် သီးနှံများကို ရာသီမရွေး စိုက်ပျိုးနိုင်တော့မှာဖြစ်ရာ လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းကို အထွက်နှုန်းကောင်းကောင်းဖြင့် ကြီးပွားတိုးတက်အောင် ဆောင်ရွက်ကြရင်း ကာယစိတ္တ၊သုခ နှစ်ဖြာပြည့်စုံတိုးတက်ရန် ဆုမွန်ကောင်းတောင်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မိတ္ထီလာမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးအောင်မြင့်လွင်က မိတ္ထီလာမြို့နယ်၌ ညောင်ကုန်းရေလှောင်တမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မင်္ဂလာအချိန် ကျရောက်သည်နှင့် စက်ခလုတ်နှိပ်၍ ညောင်ကုန်း ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဖဲကြိုးဖြတ်၍ ညောင်ကုန်းရေလှောင်တမံကို ဖွင့်လှစ်ပေးကြပြီးဖွင့်ပွဲ မုခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညောင်ကုန်းရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မိုးစပါးစိုက်ခင်းများ၊ မိုးစပါးစိုက်ပျိုးနေမှုများကိုလည်းကောင်း၊ လက်ခုပ်ပင်တမံမှ လွှန်ငင်တမံ

သွားသည့် ဆက်သွယ်တူးမြောင်းနှင့် ရေတံခါးတို့ကို လည်းကောင်း၊ ချောင်းကောက် ရေလှောင်တမံ၏ ရေဝင်မှုနှင့် ရေလှောင်တမံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညောင်ကုန်းရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မိတ္ထီလာကန် ရေကူစီမံကိန်းအဖြစ် ဆည်အစုအဖွဲ့ဖြင့် တည်ဆောက်ထားသော ချောင်းကောက်၊ လွန်ငင်၊ လက်ခုပ်ပင်၊ ညောင်ကုန်းရေလှောင်တမံများ၏ ရေလမ်းကြောင်းမှာ ညောင်ကုန်းရေလှောင်တမံသို့ ရေရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ရေလှောင်တမံတို့၏ ရေဝင်မှုကို ရှင်းလင်းတင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က မိတ္ထီလာကန်နှင့် ဆည်ငယ်ကန်ငယ်များ၏ ရေဝင်မှုနှင့် မိုးစပါးစိုက်ပျိုးရေပေးဝေမှုကို တင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရေအောင်ရေပေးနိုင်ရေး၊ စိုက်ပျိုးပြီးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးတို့ကို မှာကြားသည်။

ညောင်ကုန်းရေလှောင်တမံသည် မိတ္ထီလာကန်သို့ ရေကူဖြည့်တင်ပေးနိုင်ရန် တည်ဆောက်ထားသည့် ရေလှောင်တမံအစုအဖွဲ့တွင် ပါဝင်သော ရေလှောင်တမံတစ်ခုဖြစ်ပြီး ညောင်ကုန်းချောင်းပေါ်၌ တည်ဆောက်ထားသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး ပင်မတမံမှာ အလျားပေ ၆၄၀၀၊ တမံ အမြင့်ပေ ၄၀ရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၅၀၀ရှိသည်။

မိတ္ထီလာကန် ရေကူပေးရေးစီမံကိန်းအဖြစ် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်အတွင်းရှိ နှစ်စဉ်ရေစီးဝင်အားကောင်းသည့် ချောင်းကောက် ရေလှောင်တမံမှ ပိုလျှံရေနှင့် ချောင်းကောက်ရေလှောင်တမံနှင့် မိတ္ထီလာကန်အကြားရှိ ရေပိုရေလျှံများကို ထိရောက်စွာအသုံးချနိုင်ရန် လွန်ငင်ရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ ညောင်ကုန်းရေလှောင်တမံတို့ကို ဆည်အစုအဖွဲ့အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ HIV/AIDS တားဆီးကာကွယ်ရေးနှင့် တီဘီရောဂါတိုက်ဖျက်ရေး အလှူငွေပေးအပ်

❁ ကျေးလက်ဒေသမှ

အရှေ့တောင်တိုင်း စစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒုတိယတိုင်းမှူး၏ ဇနီးက ငွေကျပ်၇၀၀၀၀တန်ဖိုးရှိ VCD/DVD စက်များကို လည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်က ငွေကျပ် ၅၆၀၀၀ တန်ဖိုးရှိ မုန့်ပုံးများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရွှေနတ်တောင်မှုကြိုကျောင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး သိန်းရှိန်းက ကျေးဇူးတင်စကားပြောကြားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ မွန်ပြည်နယ် ၁၀မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်က မွန်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆွေးနွေးမှာကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်က HIV/AIDS တားဆီးကာကွယ်ရေးနှင့် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၁၀သိန်းနှင့် မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့သို့ စက်ဘီးငါးစီးကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ဝဲပုံ စာသင်တိုက်သို့ သွားရောက်ကြပြီး ဆရာတော်ကြီးအား ဖူးမြော်ကန်တော့၍ အလှူငွေကျပ် တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မုဒုံမြို့နယ် ကော့ပရံ စံပြကျေးရွာသို့ ရောက်ရှိပြီး အသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အိမ်တိုင်ရာရောက် နေ့စဉ် နံနက်တိုင်း တီဘီဆေးတိုက်ကျွေးနေခြင်းကို လိုက်လံကြည့်ရှုအားပေးရာ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ တင်ဝင်းကျော်နှင့် ပြည်နယ်တီဘီ ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်တို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့မှတစ်ဆင့် ကော့ပရံကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ သားဖွားခန်းသို့ရောက်ရှိပြီး သားဖွားခန်း၌ ကိုယ်ဝန်ဆောင် များအား ကိုယ်ဝန်စမ်းသပ်နေမှုကို လည်းကောင်း၊ မေးခိုင်ကာကွယ်ဆေးထိုးခြင်းနှင့် ပေါင်ချိန်ခြင်းတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထောက်ပံ့သည့် ကိုယ်ဝန်ဆောင်မိခင်များအတွက် အားဆေးများ၊အိုင်အိုဒင်းဆားထုပ်များနှင့် မွေးဖွားစဉ်အသုံးပြုရန် Clean Delivery Kits များကို ပေးခဲ့ပြီး သားဖွားခန်း၌ မွေးဖွားပြီး မိခင်များအား မိုင်လိုနှင့် အနီးပိတ်များ ထောက်ပံ့ကာ သားဖွားခန်းကိုကြည့်ရှုကြသည်။

ထို့နောက် ကော့ပရံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သော ကျန်းမာရေးပညာပေး ဟောပြောပွဲသို့ တက်ရောက်ကြရာ ဟောပြောပွဲတွင် ဆရာဝန်ကြီးများက HIV/AIDS နှင့် တီဘီရောဂါများ အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသိန်းသိန်းဌေးက ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေးဗဟုသုတများကို မေးခွန်းလွှာများဖြင့် ဖြေဆိုစေခြင်းဖြင့် ကျန်းမာရေးအသိပညာများကို ဆန်းစစ်ခဲ့ကြသည်။

ယင်းနောက် ကော့ပရံကျေးရွာ ပြည်သူများကိုယ်စား တောင်သူဦးထွန်းငွေက ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ကျေးလက်နေပြည်သူများ အနေဖြင့် သွားလာရေး ပိုမိုအဆင်ပြေလာသည့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များ မုဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်ထားသော စက်ချုပ်နှင့် လက်ကိုင်အိတ်ထိုးသင်တန်းတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့်အဖွဲ့ဝင်များ ကမာဝက်ကျေးရွာ ပညာအလင်းစာကြည့်တိုက်၌ ကျေးရွာပြည်သူများ စာဖတ်နေမှုကိုကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေး ညွန့်က HIV/AIDS တားဆီး ကာကွယ်ရေးနှင့် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေး အဖွဲ့ဥက္ကဋ္ဌက လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေး ညွန့်နှင့် အဖွဲ့ဝင်များ ကမာဝက် ကျေးရွာ အထက်တန်းကျောင်းရှိ (Computer Application Room)၌ ကိုယ်အင်္ဂါချို့ယွင်းသော ကလေးများ ကွန်ပျူတာ အသုံးပြုနေမှုကိုကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များ ကမာဝက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေစင်ညီလာခန်းမ၌ ကျေးရွာသူ၊ ကျေးရွာသားများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံအမျိုးသမီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စကားဝိုင်းများဖွဲ့ကာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် မိသားစုဝင်ငွေတိုးရေးတို့ကို ရင်းရင်းနှီးနှီးဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူး (အနောက်ပိုင်း) တိုင်းခွဲ ဒေသစည်းရုံးရေးမှူးနှင့်အဖွဲ့ စွယ်တော်စံပြကျေးရွာ၌ ငှက်ဖျားကာကွယ်ဆေးစိမ်ခြင်ထောင်ဆေးပြားများ၊ အိုင်အိုဒင်းဆားများ ပေးအပ်

● **နိုင်ငံတော်မှ**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူး (အနောက်ပိုင်း) တိုင်းခွဲ ဒေသစည်းရုံးရေးမှူးနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက်တွင် ပြည်ခရိုင် ပန်းတောင်းမြို့နယ် အတွင်းရှိ စွယ်တော်စံပြကျေးရွာသို့ ရောက်ရှိကြပြီး ယင်းကျေးရွာ၌ သီးနှံစိုက်ပျိုးမှု လုပ်ငန်းများဖြင့် ဝင်ငွေရရှိနေမှု၊ စီးပွားရေးလုပ်ငန်းများတွင် ကျေးရွာအမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းရရှိနေမှုနှင့် အခြားဒေသများသို့ သွားရန်မလိုဘဲ မိမိဒေသ၌ပင် အိုးမကွာ၊ အိမ်မကွာ စီးပွားဖြစ် ဝင်ငွေရရှိသည့် လုပ်ငန်းများ လုပ်ကိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

စံပြရွာကြီးဖြစ်

ပန်းတောင်းမြို့နယ်ရှိ စွယ်တော်စံပြကျေးရွာသည် လူဦးရေ ၂၀၀၀ ခန့်ရှိသည့် စံပြရွာကြီးဖြစ်ပြီး သမားရိုးကျ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် ဒေသထွက်သီးနှံများဖြင့် မိသားစု တစ်နိုင်တစ်ပိုင် ဝင်ငွေရရှိသည့်လုပ်ငန်းများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသည့် ကျေးရွာကြီးဖြစ်သည်။

နိုင်ငံတော်က တည်ဆောက်ပေးသည့် နဝဒေးတံတားကြီး အကျိုးကျေးဇူးကြောင့် ဒေသအသီးသီးတွင် မိမိတို့၏ ဒေသထွက်ကုန်များကို လွယ်လွယ်ကူကူဖြင့် ရောင်းဝယ်ဖောက်ကား ပို့ဆောင်နိုင်ကြောင်း၊ ကျေးရွာရှိ အမျိုးသမီးများအနေဖြင့် အခြားဒေသများသို့သွားရန်မလိုဘဲ မိမိတို့ကျေးရွာရှိ လုပ်ငန်းများတွင် အိုးမကွာ၊ အိမ်မကွာ အလုပ်အကိုင် အခွင့်အလမ်းများရရှိသဖြင့် ဘဝလုံခြုံမှုလည်း ရရှိနေကြောင်း၊ ကျေးရွာအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ယခုအခါတွင် လျှပ်စစ်မီးရရှိသဖြင့် စာဖတ်ရှိန်မြှင့်တင်မှုလုပ်ငန်းများ၊ အပန်းဖြေရန် ဗီဒီယိုရုံများ၊ အိမ်တိုင်း၌လိုလိုပင် တယ်လီဖေးရှင်းများထားရှိနိုင်ကြကြောင်း၊ ကျောင်းများ၊ ကျန်းမာရေး ဆေးပေးခန်းများ၊ စာကြည့်တိုက်များ ဖွင့်လှစ်ထားနိုင်ကြောင်း၊ ကျေးရွာ၌ ခေတ်မီပိုက်လိုင်းဖြင့် ရေပေးဝေနိုင်ကြောင်း၊ ၂၀၀၂ခုနှစ်မှစ၍ ကျေးရွာ တယ်လီဖုန်းအိတ်ချိန်းစနစ် ဖွင့်လှစ်နိုင်ပြီး နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အရ အကောင်အထည်ဖော်နိုင်မှုကြောင့် ယခုအခါတွင် တယ်လီဖုန်းအလုံး ၅၀ ကျော် တပ်ဆင်ထားနိုင်ကြောင်း သိရသည်။

ကုသပေး

ဆက်လက်၍ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ကျေးရွာကျန်းမာရေး ဆေးပေးခန်း၌ ပဲခူးတိုင်း(အနောက်ပိုင်း) ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် ပန်းတောင်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနတို့က စွယ်တော်ကျေးရွာ အုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု သုံးခုတို့မှ ရွာသူ၊ ရွာသားများအား သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ အခြား အထွေထွေရောဂါများ ကုသပေးပြီး အခမဲ့ဆေးပေးနေမှုတို့ကို ကြည့်ရှုအားပေးကာ ကျေးရွာသူ၊ ကျေးရွာသားများ ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင် သုံးစွဲသည့် ဆေးပြားများနှင့် အိုင်အိုဒင်းဆားများကို ပေးအပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူး(အနောက်ပိုင်း)တိုင်းခွဲ ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိန်းနှင့် ပဲခူး (အနောက်ပိုင်း) တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပြည်မြို့နယ် မှုတ်ရှည်ကျေးရွာအုပ်စု သီဟိုဠ်ခြံအလုပ်သမားများ၏ သားသမီးများအတွက် ဖွင့်လှစ်ထားသည့် ရွှေလောင်းကန် ရွေ့လျားကျောင်း (Mobile School) ၌ ပြည်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်ဆရာမများက စေတနာ့ဝန်ထမ်း သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ ခဲတံနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူး (အနောက်ပိုင်း) တိုင်းခွဲ ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိန်းနှင့် ပဲခူး (အနောက်ပိုင်း) တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာ၌ တိုင်းအမျိုးသမီးရေးရာအဖွဲ့က အဘိုးအဘွားများအား တိုင်းရင်းဆေးများဖြင့် ကုသပေးမှုတို့ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူး(အနောက်ပိုင်း)တိုင်းခွဲ ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိန်းနှင့်ပဲခူး (အနောက်ပိုင်း) တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပြည်မြို့နယ် အနောက်ရွာသစ်ကျေးရွာအုပ်စု မအူကျေးရွာအမျိုးသမီးများ၏ မိသားစု တစ်ပိုင်တစ်နိုင် ဝင်ငွေရရှိမှုလုပ်ငန်းများတွင် မ,တည်ရင်းနှီးငွေအဖြစ် အသုံးပြုရန်ချေးငွေများကို တစ်ဦးချင်းသို့ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပဲခူး (အနောက်ပိုင်း)တိုင်းခွဲ ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိန်းနှင့် ပဲခူး(အနောက်ပိုင်း) တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပြည်မြို့နယ် မှုတ်ရှည်ကျေးရွာအုပ်စု ပတ်ဝန်းကျင်ကျေးရွာများရှိ အမျိုးသမီးများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပဲခူး(အနောက်ပိုင်း)တိုင်းခွဲ ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိန်းနှင့် ပဲခူး (အနောက်ပိုင်း) တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပြည်ခရိုင် ပန်းတောင်းမြို့နယ် စွယ်တော်စံပြကျေးရွာ အောင်မြေသာဘုရား သီရိမင်္ဂလာဓမ္မာရုံ၌ ကျင်းပသော လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းပွဲသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

(26-9)Internet 10 1/2/32, 1:04 AM

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (၂၀၀၅) အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



နှစ်စဉ်အဝလွန်ခြင်းနှင့် နီးနွယ်နေသည့်ရောဂါများကြောင့် သေဆုံးသူ တစ်ကမ္ဘာလုံးတွင် ၁၇သန်းခန့်ရှိ ကိုယ်အလေးချိန်ထိန်းသိမ်းရေးကို ပြည်သူများ သတိပြုမိစေရန် ဝိုင်းဝန်းပညာပေးနိုးဆော်

ရန်ကုန် စက်တင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့နှလုံးကျန်းမာရေးနေ့(၂၀၀၅)အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးကုဆရာဝန်ကြီးများ၊ ပါမောက္ခများ၊ ဆေးရုံအုပ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ကမ္ဘာ့နှလုံးရောဂါစောင့်ရှောက်ရေးအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀ ကျော်၌ ကျင်းပကြကြောင်း၊ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့၏ အန္တရာယ်ကြီးမားမှုကို ပြည်သူလူထုက သတိပြုမိစေရန်နှင့် နှလုံးကျန်းမာရေး အထောက်အကူပြုသည့် လူနေမှုပုံစံကို ရရှိပိုင်ဆိုင်ပြီး လူတိုင်းလူတန်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်စေရန်ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ဆောင်ပုဒ်မှာ **"အချိုးကျလှပ ကျန်းမာဖို့ ကိုယ်အလေးချိန် ထိန်းကြစို့."** (Healthy Weight Healthy Shape) ဖြစ်ပြီး ယင်းဆောင်ပုဒ်၏ ရည်ညွှန်းချက်အတိုင်း ဆောင်ရွက်ကြရန်လိုကြောင်း။

အဝလွန်သူအရေအတွက် တိုးလာခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းလာခြင်းနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု မြင့်တက်လာခြင်းတို့သည် နှလုံးနှင့် လေဖြတ်ကပ်ရောဂါကြီး၏ ရှေ့ပြေးနိမိတ်များဖြစ်ကြောင်း။

၁၉၉၀ပြည့်နှစ်ကတည်းက ကမ္ဘာပေါ်၌ နှလုံးသွေးကြောရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် အများဆုံးဖြစ်ကြောင်း၊ နှစ်စဉ် အဝလွန်ခြင်းနှင့် နီးနွယ်နေသည့်ရောဂါများကြောင့် သေဆုံးသူများသည် တစ်ကမ္ဘာလုံးတွင် ၁၇သန်းခန့်ရှိကြောင်း။

နှလုံးကျန်းမာရေးကို ထိခိုက်စေသည့် အဓိကအကြောင်းများတွင် ခန္ဓာကိုယ်ရှိ အဆီပမာဏသာမက မည်သည့်နေရာတွင် အဆီစုနေသနည်းဆိုသည့် အချက်သည် အရေးကြီးသည့် အချက်တစ်ခုဖြစ်ကြောင်း၊ ဗိုက်ပူခြင်း၊ အထူးသဖြင့် ခါးတုတ်ခြင်းသည် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေများကြောင်း၊ ယနေ့ကျင်းပသည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ရည်ရွယ်ချက်သည် အဝလွန်ခြင်းပြဿနာကို ပြည်သူလူထုက ပိုမိုသတိပြုလာစေပြီး ကျန်းမာသော ကိုယ်အလေးချိန်ရှိခြင်း၏ အားသာချက်များကို သိရှိလာစေရန်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတိပြုမိလာသည်နှင့်အမျှ ကိုယ်အလေးချိန်ထိန်းသိမ်းမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ကြမှာဖြစ်ကြောင်း။

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ **"အချိုးကျလှပကျန်းမာဖို့ ကိုယ်အလေးချိန် ထိန်းကြစို့."** ဆောင်ပုဒ်နှင့်အညီ ကိုယ်ခန္ဓာအချိုးကျလှပစွာနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စွာ သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခမ်းအနားမှ အစပြု၍ ကိုယ်အလေးချိန် ထိန်းသိမ်းရေးကို ပြည်သူများ သတိပြုမိစေရန် ဝိုင်းဝန်းပညာပေးနိုးဆော်ကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် ခန်းမအတွင်းပြသထားသော နှလုံးရောဂါနှင့် ပတ်သက်သည့် ဆေးအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်မှ နှလုံးရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးဝင်းက **"နှလုံးရောဂါဖြစ်ပွားနိုင်သော အခြေအနေများနှင့် ဖြစ်ပွားနိုင်ခြေများကို ဆန်းစစ်ခြင်း"** အကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်မှ ဆရာဝန်များနှင့် သူနာပြုဆရာမများက လူနာများအား အရပ်၊ ကိုယ်အလေးချိန်၊ သွေးပေါင်ချိန်တိုင်းခြင်း၊ သွေးအတွင်း အဆီဓာတ်အနည်းအများ အခြေအနေ၊ သွေးချိုတိုင်းခြင်းတို့ကို အခမဲ့ စစ်ဆေးပေးပြီး နှလုံးရောဂါဖြစ်ပွားမှု ရှိမရှိ အခြေအနေများကို တွက်ချက်ခန့်မှန်းပေးကြသည်။ (သတင်းစဉ်)

❐ စာမျက်နှာ ၉ မှ

အပြင် အထူးကုဆရာဝန်ကြီးများက ကျေးရွာအရောက် ကွင်းဆင်းကုသပေး၍လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများရှိသဖြင့် လည်းကောင်း ကျန်းမာရေးအတွက် စိတ်မပူရသည့်အပြင် တီဘီဝေဒနာရှင်များအားလည်း အသင်းဝင်များက ကိုယ်တိုင် ဆေးတိုက်ကျွေးပေးသဖြင့် ဆေးစားပျက်ကွက်ခြင်းကို စိုးရိမ်စရာမလိုတော့ကြောင်း။

ထို့အပြင် ကိုယ်ဝန်ဆောင်များမှာလည်း ကျန်းမာရေး အသိပညာများ ရရှိလာသည့်အတွက် သားဖွားခန်းများ၌ မွေးဖွားကြသဖြင့် အသက်အန္တရာယ်မရှိတော့ကြောင်း၊ မိမိတို့ ကျေးရွာသူ၊ ကျေးရွာသားများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးပါ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များအား ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ်သို့ ရောက်ရှိကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံး၌ဖွင့်လှစ်ထားသော စက်ချုပ်သင်တန်း၊ လက်ကိုင်အိတ်ထိုး သင်တန်းတက်နေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းသည့် အပ်ချုပ်စက်သုံးလုံးကို လှူဒါန်းပြီး မုဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူးက သင်တန်းသင်ပြမှုနှင့် ထောက်ပံ့မှု အခြေအနေများကို ရှင်းလင်းကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကမာဝက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းရှိ Computer Application Room ၌ ကိုယ်အင်္ဂါချို့ယွင်းသော ကလေးများ၏ ကွန်ပျူတာအသုံးပြုနေမှုကို ကြည့်ရှုကာ အဆိုပါကျောင်းသားများအား စာရေးကိရိယာနှင့် ထောက်ပံ့ငွေများကို ပေးအပ်ပြီး ချို့တဲ့သော ကျောင်းသား၊ ကျောင်းသူလေးများအားလည်း စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် ကမာဝက် အခြေခံပညာ အထက်တန်းကျောင်းရှိ ရွှေစင်ညီလာခန်းမ၌ ကျေးရွာသူ၊ကျေးရွာသားများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံ အမျိုးသမီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စကားဝိုင်းများဖွဲ့၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် မိသားစု ဝင်ငွေတိုးရေးတို့ကို ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကမာဝက် ကျေးရွာ ပညာအလင်း စာကြည့်တိုက်သို့ ရောက်ရှိကြပြီး ကျေးရွာပြည်သူများ၏ စာဖတ်နေမှုများကို ကြည့်ရှုအားပေးကာ စာကြည့်တိုက်အတွက် စာအုပ်များကို လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

✧ စာမျက်နှာ ၁၀ မှ

ထို့နောက် အောင်မြင်သာဘုရား သီရိမင်္ဂလာဓမ္မာရုံ၌ ကျင်းပသော လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

အဆိုပါရှင်းလင်းပွဲတွင် ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်တရားသူကြီး ဒေါ်ဝါဝါဆွေက ကျေးရွာရှိ အမျိုးသမီးများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာအမျိုးသမီးများ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားရာတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၅ အဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေတွင် အမျိုးသမီး ကလေးသူငယ်များနှင့် လူငယ်များအား အထူးအကာအကွယ်ပေးထားကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူခံရပါက သေဒဏ်အထိ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

ထိုမှတစ်ဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့က အဘိုးအဘွားများအား တစ်နေ့တာ အကျွေးအမွေးဖြင့် လှူဒါန်းမှု၊ တိုင်းရင်းဆေးများဖြင့် ကုသပေးမှုကို ကြည့်ရှုကြသည်။

အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြည်မြို့နယ်အတွင်းရှိ မှတ်ရှည်ကျေးရွာအုပ်စု သီဟိုဠ်ခြံ အလုပ်သမားများ၏ သားသမီးများအတွက် ဖွင့်လှစ်ထားသည့် ရွှေလောင်းကန် ရွေ့လျားကျောင်း (Mobile School) သို့ ရောက်ရှိကြပြီး ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဆရာမများက စေတနာ့ဝန်ထမ်း သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ ခဲတံနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပတ်ဝန်းကျင်ကျေးရွာများရှိ အမျိုးသမီးများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာအမျိုးသမီးများ သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ပြောကြားကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၉–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့ရွှယ်ကကြိုးသွယ်
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ကပ်တဲလ်ကြိုးတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရူပဗေဒ)**
- ၅:၀၀ ၅။ အကပဒေသာ
- ၅:၁၀ ၆။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
- ၅:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅:၃၅ ၈။ အတီးပြိုင်ပွဲ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၅၅ ၁၀။ မြန်မာစာ မြန်မာစကား
- ၆:၀၅ ၁၁။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၆:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရယ်ရှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း–၂၅)**
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း–၂၅)**
- ၇:၄၀ ၁၆။ ရုပ်ရှာပညာပဒေသာ ပွင့်ပါမနွေး ကျေးလက်ဖွံ့ဖြိုးရေး (အပိုင်း–၁)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း–၁၅)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၉–၂၀၀၅ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၁၀ မြန်မာ့ဂုဏ်ရှု(အပိုင်း–၃)
- ၇:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၇:၂၅ တေးဂီတအစီအစဉ်
- ၇:၃၀ Management Talk(1) (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်စန်းရီ)
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
- ၈:၃၀ ပြည်တွင်းသတင်း
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ စားသုံးသူပြည်သူများ အကျိုးပြုရန် သမဝါယမများက ဖြည့်ဆည်းစီမံ
- ၉:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ မျိုးဆက်သစ်ပန်းချီဆရာလေး (ဗင်းဆင့်မင်းလွင်)
- ၉:၄၅ ဗွီစီဒီမိတ်ဆက်(ဘိုဘိုဟန်–လူဦးရေ သန်းပေါင်း ၆၀၀၀ ထဲကအချစ်
- ၁၀:၀၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၅ ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ ဖန်တီးသူတို့အနုပညာ
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

- ၁၀:၀၀ EPL Highlights
- **လိုင်း** 5-Cartoons(Delay)
- ၁၁:၀၀ Manchester United-Blackburn Rovers
- **လိုင်း** 5-Cartoons(Replay)
- ၁၂:၃၀ Goals
- **လိုင်း** 5-Cartoons(Replay)
- ၀၁:၃၀ Tottenham Hotspur-Fulham
- **လိုင်း** 5-Cartoons(Live)

အမှာစကား ပြောကြား

တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅) တွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို အမှာစကားပြောကြားစဉ်။

(မီးရထား)

ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ ကြိုးပမ်း ဒို့တာဝန်အရေးသုံးပါး ထိပါးနှောင့်ယှက်မှုများကို သတိရှိရှိကာကွယ်

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် စက်တင်ဘာ ၂၃ရက် မွန်းလွဲပိုင်းတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည့် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅) သို့ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစည်းအဝေးသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းနှင့် တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်ငူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ရာသက်ပန် ပြည်ထောင်စု သီချင်းနှင့် ပြည်မြန်မာ သီချင်းတို့ကို သံပြိုင်သီဆိုပြီး အစည်းအဝေးကို ဖွင့်လှစ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အသင်းဝင်များအနေဖြင့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ရောက်ရှိအောင် ကြိုးစားရေး၊ အသင်းကြီး၏ ရည်ရွယ်ချက် (၅)ရပ်ကို လိုက်နာအကောင်အထည်ဖော်ရင်း အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အားကိုးအားထား ပြုနိုင်သူများဖြစ်စေရေး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်ကို အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ရေး၊ အသင်းကြီး၏ စည်းမျဉ်းစည်းကမ်းများနှင့် အညီ နေထိုင်ကျင့်ကြံပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေးတို့ မှာကြားသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းက အသင်းကြီး၏ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ နိုင်ငံတော် ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို မရှုဆိတ်သူများ၏ လုပ်ရပ်များကို ရှင်းလင်းပြောကြား၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဒို့တာဝန်အရေး (၃)ပါးကို ခံယူပြီး ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ အသင်းကြီး၏ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ ကြိုးပမ်းဆောင်ရွက်ရေး၊ ဒို့တာဝန် အရေး(၃)ပါးကို ထိပါးနှောင့်ယှက်လာမှုများကို အသိရှိရှိ၊ သတိရှိရှိဖြင့် ထိန်းသိမ်းကာကွယ်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် တောင်ငူမြို့နယ်အသင်း အလုပ်အမှုဆောင် ဦးစိုးမောင်က အသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထူးချွန်ဆုများပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက တောင်ငူမြို့ ရွှေဆံတော်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းပြီး ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် တောင်ငူမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ထူးချွန်ဆုများပေးအပ်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းက တောင်ငူမြို့ ၃၆၅ရက် ဘုံဆွမ်းလောင်းအသင်း ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း လှူဒါန်းပြီး အသင်း၏ ကဏ္ဍအလိုက် ထူးချွန်ဆုများကို ပေးအပ်သည်။

ညောင်လေးပင်မြို့နယ်

ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် ညောင်လေးပင်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)သို့ တက်ရောက်ရာ ညောင်လေးပင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ အသင်းဝင်ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းနှင့် ရာသက်ပန် ပြည်ထောင်စုသီချင်းတို့ကို စုပေါင်းသီဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးပိုင်က အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ညောင်လေးပင်မြို့နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဗဟိုအလုပ်အမှုဆောင်က ထူးချွန်ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ပဲခူးတိုင်း (အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက အသင်းအတွင်း လုပ်ငန်းစွမ်းဆောင်ရည်ဆုများကို ပေးအပ်သည်။

ယင်းနောက် ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)အတွက် ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ညောင်လေးပင်မြို့နယ် မော်တော်ယာဉ် လိုင်းပေါင်းစုံ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌတို့က အလှူငွေများ ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဖြူးမြို့နယ် စည်ပင်ခန်းမသို့ ရောက်ရှိပြီး ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)သို့ တက်ရောက်သည်။ ရှေးဦးစွာ ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းနှင့် ရာသက်ပန် ပြည်ထောင်စုသီချင်းတို့ကို စုပေါင်းသီဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးသက်နိုင်ဦးက အသင်း၏ တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဖြူးမြို့နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် အသင်းအတွင်း ထူးချွန်ဆုများကို ပေးအပ်သည်။

ထို့နောက် ဖြူးမြို့နယ်မှ အသင်းဝင် အဆိုပြုလွှာ ၅၈၇၅စောင်ကို မြို့နယ်အသင်း အတွင်းရေးမှူးက ဗဟိုအလုပ်အမှုဆောင်ထံ ပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရွှေကျင်မြို့နယ်

ဗဟိုအလုပ်အမှုဆောင်သည် ယနေ့နံနက်ပိုင်းတွင် ရွှေကျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခန်းမ၌ ကျင်းပသည့် ရွှေကျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)သို့ တက်ရောက်သည်။

အစည်းအဝေးသို့ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇော်ဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အသင်းဝင်များ၊ လူမှုရေး အသင်း အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေကျင်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)မှ အသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ရာသက်ပန်ပြည်ထောင်စုသီချင်းနှင့် ပြည်မြန်မာသီချင်းတို့ကို စုပေါင်း သီဆို၍ အစည်းအဝေးကို ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်ဝင်းက နှစ်ပတ်လည်သင်းလုံးကျွတ် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရွှေကျင်မြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင်က ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြို့နယ်အသင်း၏ တစ်နှစ်တာအတွင်း စည်းရုံးရေးစွမ်းဆောင်ရည်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ဆုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ထူးချွန်ဆုများကို ပဲခူးတိုင်း (အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက ပေးအပ်ပြီး အစည်းအဝေး ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ဒိုက်ဦးမြို့နယ်ခန်းမသို့ ရောက်ရှိပြီး ဒိုက်ဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅) သို့ တက်ရောက်ရာ ဒိုက်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှအသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းနှင့် ရာသက်ပန် ပြည်ထောင်စုသီချင်းတို့ကို စုပေါင်း သီဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးကိုဌေးက တစ်နှစ်တာအတွင်း မြို့နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဒိုက်ဦးမြို့နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ တိုင်းအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုဆု၊ စည်းရုံးရေးဆုများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက်ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်ဌာနဆိုင်ရာများ၊ လယ်သမားကြီး ဦးသိန်းမြင့် ဧက ၁၀၀၀မိသားစု၊ ဒိုက်ဦးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးကော်မတီနှင့် ဒိုက်ဦးမြို့နယ် ပန်းကိုင်ဒေသ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းစုတို့က ဒိုက်ဦးမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံ၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်နှင့်ပရိဘောဂစက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်ပ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင် မြို့နယ်ရှိ စက်ဆန်းသစ်ဆိပ်တို့သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံဌာန အမှတ်(၁) ပရိဘောဂ စက်ရုံသို့ရောက်ရှိပြီး စွန့်ပစ် အတိုအသေးသစ်များမှ လက်ယှက်ထိုးစက်များဖြင့် သစ်အချောထည်များ ထုတ်လုပ်နေမှုနှင့် ပြည်ပဈေးကွက်သို့ ပို့ဆောင်သည့်အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပုဇွန်တောင်မြို့နယ် စက်ဆန်း သစ်ဆိပ်ရှိ တင်ဒါလပ်ပုံများ အဆင့်အတန်း ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

သဘာဝဘေးလျော့ပါးရေးညီလာခံ တက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ပေကျင်းသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် အာရှဒေသသဘာဝ ဘေးလျော့ပါးရေး ညီလာခံသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ပိဋကသုံးပုံ (မြန်မာပြန်) ကျမ်းစာအုပ်များ လှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၂၅

ပိဋကသုံးပုံ မိသားစုအဖွဲ့သားများက စတုတ္ထအကြိမ် ပိဋကသုံးပုံ (မြန်မာပြန်) ကျမ်းစာအုပ်များ လှူဒါန်းပွဲကို အောက်တိုဘာ ၂၃ ရက်တွင် ဆံတော်ရှင် ကျိုက်ထီးရိုး၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုက်ပါလိုသူများ ဦးဇော်မင်း-ဒေါ်ထွေးထွေးမြင့် အမှတ် ၁၂၊ စံရိပ်ငြိမ်၊ လမ်းသွယ် (၆)၊ ကမာရွတ်၊ ဖုန်း-၀၉၅၀၁၇၆၅၅၊ ဦးတင်လှ-ဒေါ်ခင်မေ အမှတ်(၄၆) ဆူးလေဘုရားအဝိုင်း၊ လှဓာတ်ပုံတိုက် ရန်ကုန် ဖုန်း-၂၅၄၇၇၂၊ ဦးသောင်းမြင့် တိုက် (၁၅၈) အခန်း (၆) ကောက်လျှင် (၂)လမ်း သုဝဏ္ဏ (၂၉) ရပ်ကွက် ဖုန်း-၅၇၀၂၂၁၊ ဒေါ်ခင်နွဲ့ အလယ်တန်းပြ ဆရာမ၊ အခြေခံပညာ အထက်တန်း ကျောင်း သုဝဏ္ဏ၊ ရန်ကုန် ဖုန်း-၅၇၀၂၂၁ နှင့် ဦးခင်မောင်သင်-ဒေါ်သီဂီ (သီဂီစာပေ) ပိဋကသုံးပုံ ကျမ်းစာအုပ်များ အရောင်းဆိုင်၊ မိတ္တူနှင့် စာအုပ်ချုပ်လုပ်ငန်း အမှတ် (၃/၄) ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ် ဝင်ပေါက် ဖုန်း-၀၉၅၁၂၆၃၁၆နှင့် ဆံတော်ရှင်ကျိုက်ထီးရိုး တောင်တန်းသာသနာပြု ပိဋကသုံးပုံ မိသားစုတို့ထံ ဆက်သွယ်လှူဒါန်းလိုက်ပါနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅-၉-၂၀၀၅)

မချမ်းဘော	၂ ဒသမ	၀၉ လက်မ
ကျိုက္ခမီ	၁ ဒသမ	၉၇ လက်မ
မိုးကုတ်	၁ ဒသမ	၇၃ လက်မ
နမ့်စန်	၁ ဒသမ	၄၁ လက်မ
သံတွဲ	၁ ဒသမ	၂၂ လက်မ
မြစ်ကြီးနား	၁ ဒသမ	၀၆ လက်မ
ဘားအံ	၀ ဒသမ	၉၄ လက်မ

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

ရန်ကုန် စက်တင်ဘာ ၂၅

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၂၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်နိုင်သည်။

“ချစ်သော အရိမဒ္ဒနပူရ” တတိယပတ်ပြသ “ပျော်လိုက်ရအောင်” မကြာမီရုံတင်မည်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြို့လယ်၊ မြို့ပတ်ရုပ်ရှင်ရုံများတွင် ပြသဆဲရုပ်ရှင်ဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိသည်။

ဆက်လက်အောင်ပွဲခံ

စက်တင်ဘာ ၉ ရက် သောကြာပတ်က စတင်ရုံတင်ပြသခဲ့သည့် ပုဂံခေတ်နောက်ခံသမိုင်း ဇာတ်ကားတစ်ကားဖြစ်သော **“ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ”** ဇာတ်ကားသည် သမ္မတနှင့် သွင် အဆင့်မြင့် ရုပ်ရှင်ရုံတို့၌ တတိယပတ်အဖြစ် ဆက်လက် အောင်ပွဲခံပြသနေသည်။

အရည်းကြီးတို့၏ လွဲမှားသော အယူဝါဒကိုဖယ်ရှား၍ ပုဂံပြည်တွင်စစ်မှန်သော ထေရဝါဒသာသနာ ထွန်းကားပြန့်ပွားလာစေရန် ရှင်အရဟံ မထေရ်၏ ဦးဆောင် ကြိုးပမ်းခဲ့ပုံများကို စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ရိုက်ကူးတင်ပြထားသည့် ဇာတ်ကားဖြစ်သည်။ လူမင်း၊ ကျော်သူ၊ ရဲအောင်၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်၊ မေသန်းနု၊ နေအောင်၊ ခင်သီတာထွန်း စသည့် သရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားကြသည်။

မကြာမီ ရုံတင်ပြသမည့် ‘ပျော်လိုက်ရအောင်’ ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံတွင် နာမည်ကြီးသရုပ်ဆောင် ဘရက်ပစ်နှင့် အင်ဂျလီ နာဂျိုလီတို့ ပါဝင်သရုပ်ဆောင်ထားသည့် Mr. and Mrs. Smith ဆေးရောင်စုံ ဇာတ်ကားပြသနေပြီး မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတွင်မူ “Sky Captain and the World of Tomorrow”အမည်ရှိ ဆေးရောင်စုံ ဇာတ်ကားပြသနေသည်။ ရွှေဆောင် အဆင့်မြင့်ရုပ်ရှင်ရုံတွင် “Shell We Dance” အမည်ရှိ နိုင်ငံခြားဇာတ်ကား ပြသနေသည်။

ဒေဝ်အိပ်မက်

ရွှေဂုံ အဆင့်မြင့်ရုပ်ရှင်ရုံ အပေါ်ထပ်တွင် အိန္ဒိယ ဗန်ဒိန်းပါဝင်သည့် “Krishna” ဇာတ်ကား ပြသနေပြီး မြေညီထပ်တွင်မူ ရန်အောင်၊ လွင်မိုးနှင့် ထက်ထက်မိုးဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **“ဒေဝ်အိပ်မက်”** မြန်မာဇာတ်ကား ပြသလျက်ရှိသည်။

ပြသဆဲ ‘ချစ်သော အရိမဒ္ဒနပူရ’ ၏ မဟာ အောင်ပွဲ’ ဇာတ်ကားမှ လူမင်းနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

မြို့မရုံ

မြို့မအဆင့်မြင့် ရုပ်ရှင်ရုံတွင် အင်္ဂလိပ် စာတန်းထိုး အိန္ဒိယရုပ်ရှင်ဇာတ်ကား “Aiteaaz” ပြသနေသည်။ အဆိုပါဇာတ်ကားတွင် အရှေးခူမား၊ ပရီယန်နီဒါ ချိုပရာနှင့် ခါရီနာခါပူးရ်တို့ ပါဝင်ကြသည်။

ရုံတင်မည်

ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) ရိုက်ကူးပြီး လွင်မိုး၊ စိုးမြတ်နန္ဒာနှင့် ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **“ပျော်လိုက်ရအောင်”** အမည်ပေးထားသော မြန်မာရုပ်ရှင်ဟာသဇာတ်ကားသစ် မကြာမီရုံတင်မည်ဟု သိရသည်။ (ကြေးမုံ)

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် သွားလာရေးအဆင်ပြေ ကျေးလက်ကျန်းမာရေးဌာနခွဲများရှိသဖြင့် ကျန်းမာရေးအတွက် စိတ်မပူရ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးပါ ဘက်စုံဖွံ့ဖြိုးတိုးတက်

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က အရှေ့တောင်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရွှေနတ်တောင် မူကြိုကျောင်းသို့ ရုပ်မြင်သံကြားစက်၊ VCD/DVD စက်များနှင့် ခြင်လုံဆန်ခါ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေနတ်တောင်မူကြိုကျောင်း၌ ကျင်းပရာ ရေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များက ရွှေနတ်တောင်မူကြိုကျောင်း ရင်သွေးငယ် ကျောင်းသား၊ ကျောင်းသူများ၏ တေးသရုပ်ဖော် သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့် မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ပရံ စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကိုယ်ဝန်ဆောင် မိခင်များအတွက် အားဆေးများ၊ အိုင်အိုဒင်းဆားထုပ်များနှင့် မွေးဖွားစဉ် အသုံးပြုရန် Clean Delivery Kits များကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က ရွှေနတ်တောင်မူကြိုကျောင်းသို့ ငွေကျပ် တစ်သိန်းခုနစ်သောင်း တန်ဖိုးရှိ ရုပ်မြင်သံကြားစက်ကိုလည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်က ခြင်လုံဆန်ခါ တပ်ဆင်နိုင်ရန် ငွေကျပ် ၂၃၆၂၀၀ ကိုလည်းကောင်း၊ စာမျက်နှာ ၉ ကော်လံ ၃ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်က တည်ဆောက်ပေးသည့် နဝဒေးတံတားကြီး အကျိုးကျေးဇူးကြောင့် ဒေသထွက်ကုန်များ လွယ်လွယ်ကူကူ ရောင်းဝယ်ဖောက်ကား ပို့ဆောင်နိုင် ကျေးရွာရှိ အမျိုးသမီးများ အိုးမကွာ၊ အိမ်မကွာ အလုပ်အကိုင် အခွင့်အလမ်းများရရှိ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ချမှတ်ထားသည်နှင့်အညီ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘဝလုံခြုံမှု အခြေအနေ အရပ်ရပ်ကို လေ့လာအားဖြည့်ကူညီရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူး(အနောက်ပိုင်း)တိုင်းခွဲ ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိန်းနှင့် ပဲခူး(အနောက်ပိုင်း)တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့နယ်ရှိ အနောက်ရွာသစ် ကျေးရွာအုပ်စု မအူကျေးရွာသို့ ရောက်ရှိကြသည်။

မ-တည်ငွေပေးအပ်

ရှေးဦးစွာ ကျေးရွာရှိ အမျိုးသမီးများ ဒေသထွက်သီးနှံများဖြစ်သည့် ကတွတ်၊ သရက်၊ နာနတ်၊ ရှောက်၊ မရန်း၊ ဆီးသီး၊ စောင်းလျား၊ ချဉ်ပေါင်၊ ခရမ်းချဉ်သီး သီးနှံများဖြင့် ယိုစုံလုပ်ငန်းများဆောင်ရွက်၍ ဝင်ငွေရရှိမှုနှင့် ယင်းလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု အခြေအနေတို့ကို ကြည့်ရှုလေ့လာပြီး ကျေးရွာအမျိုးသမီးများ၏ မိသားစုတစ်နိုင်တစ်ပိုင် ဝင်ငွေရရှိမှု လုပ်ငန်းများတွင် မ-တည်ရင်းနှီးငွေအဖြစ် အသုံးပြုရန် ချေးငွေများကို တစ်ဦးချင်းသို့ပေးအပ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူး(အနောက်ပိုင်း)တိုင်းခွဲ ဒေသစည်းရုံးရေးမှူး ဒေါ်မာလာသိန်းနှင့် ပဲခူး(အနောက်ပိုင်း)တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပြည်ခရိုင် ပန်းတောင်းမြို့နယ် စွယ်တော်စံပြကျေးရွာ ကျန်းမာရေးဆေးပေးခန်း၌ ကျေးရွာပြည်သူများအတွက် အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)